# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၃ ခုနှစ် နိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၈)၊ အမှတ်(၂၉၈)၊ ၁၃၈၇ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၀ ရက်၊ ၁-၁၀-၂၀၂၅၊ ဗုဒ္ဓဟူးနေ့။


## မြတ်ဗုဒ္ဓ၏ အဆုံးအမတရား

(သစ္စာလေးပါးဟူသည်ကား) ဆင်းရဲအမှန်ဖြစ်သော ဒုက္ခသစ္စာ၊ ဆင်းရဲခြင်း၏ အကြောင်းရင်းအမှန်ဖြစ်သော သမုဒယသစ္စာ၊ ဆင်းရဲမှ လွတ်မြောက်ရာအမှန်ဖြစ်သော နိရောဓသစ္စာ၊ ဆင်းရဲငြိမ်းရာ နိဗ္ဗာန်သို့ရောက်ကြောင်း အစစ်ဖြစ်၍ မြတ်သော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော မဂ္ဂသစ္စာ။ (ဤလေးပါးတည်း။) **(ဓမ္မပဒ)**

## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

## နိုင်ငံတော်အတွင်း နိုင်ငံတော်၏ တာဝန်ကို ထမ်းဆောင်လျက်ရှိကြသည့် နိုင်ငံ့ဝန်ထမ်းများနှင့် အငြိမ်းစားဝန်ထမ်းများအတွက် အပိုထောက်ပံ့ကြေး ထပ်မံခံစားခွင့်ပြု

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန

အမိန့်ကြော်ငြာစာအမှတ်၊ ၁၁၀/ ၂၀၂၅

၁၃၈၇ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၉ ရက်

(၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်)

နိုင်ငံတော်အတွင်း နိုင်ငံတော်၏တာဝန်ကို ထမ်းဆောင်လျက်ရှိကြသည့် နိုင်ငံ့ဝန်ထမ်းများနှင့် အငြိမ်းစားဝန်ထမ်းများအတွက် အပိုထောက်ပံ့ကြေး ထပ်မံခံစားခွင့်ပြုခြင်း

အပိုင်း ၁

ဝန်ထမ်းများအတွက် အပိုထောက်ပံ့ကြေး

၁။ နိုင်ငံတော်အတွင်း နိုင်ငံတော်၏တာဝန်ကို ထမ်းဆောင်လျက်ရှိကြသည့် ဝန်ထမ်းများအား အပိုထောက်ပံ့ကြေးအဖြစ် တစ်ဦးလျှင် တစ်လ ကျပ် ၃၀,၀၀၀/-ကို ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလမှစတင်၍ ပထမအကြိမ်အဖြစ်လည်းကောင်း၊ ၂၀၂၄ ခုနှစ်၊ ဩဂုတ်လမှစတင်၍ ဒုတိယအကြိမ်အဖြစ်လည်းကောင်း လစဉ်ခံစားခွင့်ပြုခဲ့ပါသည်။ ယခုအခါ လက်ရှိထောက်ပံ့လျက်ရှိသည့် အပိုထောက်ပံ့ကြေး ကျပ် ၆၀,၀၀၀/- အပြင် ထပ်မံ၍ ကျပ် ၃၀,၀၀၀/-(ကျပ်သုံးသောင်းတိတိ)ကို အပိုထောက်ပံ့ကြေးအဖြစ် လစဉ်ခံစားခွင့်ပြုလိုက်သည်။

အပိုင်း ၂

တပ်မတော်(ကြည်း၊ ရေ၊ လေ)ဝန်ထမ်းများအတွက် အပိုထောက်ပံ့ကြေး

၂။ နိုင်ငံတော်အတွင်း နိုင်ငံတော်၏တာဝန်ကို ထမ်းဆောင်လျက်ရှိကြသည့် တပ်မတော် (ကြည်း၊ ရေ၊ လေ) ဝန်ထမ်းများအား အပိုထောက်ပံ့ကြေးအဖြစ် တစ်ဦးလျှင် တစ်လ ကျပ် ၃၀,၀၀၀/- ကို ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလမှစတင်၍

စာမျက်နှာ ၃ သို့ ■



## ပုဂံယဉ်ကျေးမှုနယ်မြေရှိ ဟိုတယ်၊ တည်းခိုခန်းများ ကြိုတင်အခန်းငှားသူ များပြား

**မန္တလေး စက်တင်ဘာ ၃၀**

သီတင်းကျွတ်ကာလ ကျောင်းပိတ်ရက်နှင့် ရုံးပိတ်ရက်ရောက်ရှိတော့မည်ဖြစ်၍ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေသို့ ဘုရားဖူးရန်နှင့် လည်ပတ်အနားယူရန်အတွက် ဟိုတယ်၊ တည်းခိုခန်းများတွင် ကြိုတင်အခန်းငှားသူများပြားလျက်ရှိသည်။

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် နေ့ကြီးရက်ကြီးများနှင့် ပိတ်ရက်ရှည်ကာလများ၌ ပုံမှန်ရက်များထက် ခရီးသွားဧည့်သည်ဝင်ရောက်မှု များပြားသဖြင့် ဟိုတယ်၊ တည်းခိုခန်းများတွင် တည်းခိုသူများပြားလေ့ရှိကြောင်း ပုဂံဒေသခံ ဟိုတယ်၊ ခရီးအငြိမ်းစားဝန်ထမ်းတစ်ဦးက ပြောသည်။

"အခါကြီးရက်ကြီးတွေမှာ ဧည့်သည်များပြီး ကျန်တဲ့ရက်တွေမှာတော့ ဧည့်သည်နည်းတယ်။ လက်ရှိ ပြည်တွင်းခရီးသွား ဧည့်သည်ပဲ လာကြတယ်။ ပုဂံ-ညောင်ဦးမှာက ခရီးသွားဧည့်သည်လာမှ ဒေသခံတွေ အလုပ်ဖြစ်ကြတာဆိုတော့ ဒီလိုရက်တွေကို မျှော်ကြတယ်"ဟု ၎င်းက ပြောသည်။

ပုဂံ-ညောင်ဦး ရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် ဟိုတယ်၊ တည်းခိုခန်းပေါင်း ၁၀၀ ဝန်းကျင်ရှိပြီး ခရီးသွားများချိန်ကာလများတွင် ကြိုတင်အခန်းငှားသူ များပြားကြောင်းနှင့် ဒေသခံများ၏ စားသောက်ဆိုင်များ၊ ဒေသထွက်ကုန်ရောင်းချသူများ၊ Taxi များ၊ မြင်းလှည်းများ စသဖြင့် အဆင်ပြေကြောင်းသိရသည်။

"ဒီနှစ် သီတင်းကျွတ်ပိတ်

စာမျက်နှာ ၃ သို့ ☸

## အင်အားအနည်းငယ်ရှိ မြေငလျင်တစ်ခုလှုပ်ရှား

**နေပြည်တော် စက်တင်ဘာ ၃၀**

ယနေ့နံနက် ၇ နာရီ၊ ၁၀ မိနစ်၊ ၁၂ စက္ကန့်တွင် တမူးမြေငလျင်စခန်းမှ အရှေ့တောင်ဘက် ၄၂ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း(ဖောင်းပြင်မြို့၏ အရှေ့တောင်ဘက် ၁၄ မိုင်ခန့်အကွာ) မြောက်လတ္တီတွဒ် ၂၄ ဒသမ ၁၀ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒသမ ၉၅ ဒီဂရီ၊ အနက် ၆၅ ကီလိုမီတာကို ဗဟိုပြု၍ အင်အားရစ်(ခ်)တာစကေး ၄ ဒသမ ၉ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

**မြန်မာအလင်း**

## လေပွေလှိုင်း၏ အကြွင်းအကျန်တိမ်တိုက်များ လေဖိအားနည်းမြောင်တန်းအဖြစ် သွယ်တန်းလျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၃၀**

ယနေ့ညနေ ၃ နာရီခွဲ တိုင်းထွာချက်များအရ မြန်မာနိုင်ငံ၊ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ဖြစ်ပေါ်ခဲ့သော လေပွေလှိုင်းသည် အနောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားခဲ့ပြီး အားလျော့သွားခဲ့သည်။ လေပွေလှိုင်း၏ အကြွင်းအကျန်တိမ်တိုက်များသည် ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် လေဖိအားနည်းမြောင်တန်းအဖြစ် သွယ်တန်းလျက်ရှိကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

**မြန်မာအလင်း**

## အင်အားပြင်းထန်သော မြေငလျင်တစ်ခုလှုပ်

**နေပြည်တော် စက်တင်ဘာ ၃၀**

ယနေ့ ည ၈ နာရီ ၂၉ မိနစ် ၄၉ စက္ကန့်အချိန်တွင် နေပြည်တော်မြေငလျင်စခန်းမှ အရှေ့တောင်ဘက် ၁၉၆၅ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်ပ(Leyte, Philippines)မြောက်လတ္တီတွဒ် ၁၁ ဒသမ ၁၉ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၁၂၄ ဒသမ ၂၇ ဒီဂရီ၊ အနက် ၁၀ ကီလိုမီတာခန့်ကို ဗဟိုပြု၍ အင်အားရစ်(ခ်)တာစကေး ၆ ဒသမ ၉ အဆင့်ရှိ အင်အားပြင်းထန်သော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း တိုင်းထွာရရှိပါသည်။

မိုး/ဇလ

## ၂၀၂၅ခုနှစ် အထွေထွေရွေးကောက်ပွဲအတွက် မဲစာရင်းများ ပထမအကြိမ် ထုတ်ပြန်ကြေညာ

**မန္တလေး စင်တင်ဘာ ၃၀**

မန္တလေးခရိုင်အတွင်း ၂၀၂၅ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် ဆန္ဒမဲပေးခွင့်ရှိသူများ မဲစာရင်း ထုတ်ပြန်ကြေညာခြင်းကို ယနေ့နံနက် ၇ နာရီမှစတင်ကာ အောင်မြေသာစံမြို့နယ်၊ ချမ်းအေးသာစံမြို့နယ်၊ မဟာအောင်မြေမြို့နယ်၊ ချမ်းမြသာစည်မြို့နယ်၊ ပြည်ကြီးတံခွန်မြို့နယ်၊ အမရပူရမြို့နယ်၊ ပုသိမ်ကြီးမြို့နယ်များအလိုက် မဲရုံနေရာများနှင့် ပထမအကြိမ် မဲစာရင်းများကို ရပ်ကွက်ရုံးများတွင် ထုတ်ပြန်ကြေညာထားကြောင်း သိရသည်။

အဆိုပါမဲစာရင်းများ ကြေညာထားသော မြို့နယ်များအလိုက် ရပ်ကွက်ရုံးများသို့ မန္တလေးခရိုင် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌ ဦးစိုးထွန်း၊ အဖွဲ့ဝင် ဦးသန်းကြွယ်၊ ဦးသက်နိုင် အတွင်းရေးမှူး ဦးသက်ဆွေဦးတို့နှင့်အတူ ချမ်းအေးသာစံမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်းနှင့် တာဝန်ရှိသူများက မြို့နယ်များအလိုက် ထုတ်ပြန်ထားသော မဲစာရင်းများကို လာရောက်ကြည့်ရှုသည့် မဲဆန္ဒရှင်များ၏ မဲစာရင်းလာရောက်စစ်ဆေးနေမှုများ၊ မဲစာရင်းတွင်မပါရှိဘဲ ကျန်ရှိနေသူများက မဲစာရင်းတွင်ထည့်သွင်းရန် ပုံစံ-၃ ၊ ပုံစံ-၃က စသည့် စာရင်းသွင်းနေမှုများကို လိုက်လံကြည့်ရှုခဲ့ကြောင်း သိရသည်။

ယခုထုတ်ပြန်ခဲ့သော မြို့နယ်အလိုက် မဲရုံနေရာများနှင့် ဆန္ဒမဲပေးခွင့်ရှိသူများစာရင်းကို ပထမအကြိမ် ထုတ်ပြန်ကြေညာခြင်းဖြစ်ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၆)**

## ပြည်သူများအား အခြေခံစားသောက်ကုန်များကို အထူးသက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိ



**မန္တလေး စက်တင်ဘာ ၃၀**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီး ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥ၊ ငါးများကို အထူးသက်သာသောဈေးနှုန်းဖြင့် ရုံးဖွင့်ရက်များတွင် မြို့နယ်အလိုက် ရောင်းချပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးမျက်မှန်ရပ်ကွက်၊ လမ်း ၆၀၊ ၂၈ လမ်းနှင့် ၂၉လမ်းကြားနှင့် ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၅) ရပ်ကွက်၊ အကွက်(ဃ-၅)၊ ၆၉ လမ်း၊ ၁၁၁ လမ်းထောင့်တို့တွင် ရောင်းချပေးခဲ့သည်။

သက်သာဈေးရောင်းချမည့် အစီအစဉ်များကို အောက်တိုဘာ ၁ ရက်တွင် မဟာအောင်မြေမြို့နယ်၊ တက္ကသိုလ်ရပ်ကွက်၊ ၇၃ လမ်း၊ ၄၃ လမ်းထောင့်၊ တက္ကသိုလ်လေ့ကျင့်ရေးရှေ့နှင့် ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ ၅၈ လမ်း၊ ၁၂၈လမ်းနှင့် ၁၂၉ လမ်းကြားတို့တွင်လည်းကောင်း၊ အောက်တိုဘာ ၂ ရက်တွင် အမရပူရမြို့နယ်၊ ကျုံတန်းရပ်ကွက်၊ ပွဲတော်ရပ် ရွာလယ်လမ်း၊ ပွဲတော်ဘုန်းကြီးကျောင်းအနီးတွင်လည်းကောင်း၊ အောက်တိုဘာ ၃ ရက်တွင် ချမ်းအေးသာစံမြို့နယ်၊ ရွှေလုံရပ်ကွက်၊ ၂၇ လမ်း၊ ၇၁ လမ်းနှင့် ၇၂ လမ်းကြားနှင့် ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ (ဖဖ-၁)၊ ၅၄ လမ်း၊ ၁၁၀ လမ်းနှင့် ၁၁၁လမ်းကြားတို့တွင်လည်းကောင်း ရောင်းချပေးသွားမည်ဖြစ်သည်။

ထိုသို့ တိုက်ရိုက်ရောင်းချနေမှုအစီအစဉ်ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး ဦးသိန်းဌေးနှင့် တာဝန်ရှိသူများ၊ ဈေးနှင့်သားသတ်ဌာန ဌာနမှူး ဦးသက်နိုင်နှင့် တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်၍ ပြည်သူများ အဆင်ပြေစွာ ဝယ်ယူရရှိနိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**(အပေါ်ပုံ)**

**(မန္တလေးနေ့စဉ်-၆)**

၀-၀-၀-၀-၀

## မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဝန်ထမ်းများအား (၁၅)ကြိမ်မြောက် ဟင်းသီးဟင်းရွက်များ ထောက်ပံ့



**မန္တလေး စက်တင်ဘာ ၃၀**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဝန်ထမ်းများအား ယခုဘဏ္ဍာရေးနှစ်အတွင်း (၁၅)ကြိမ်မြောက် ဟင်းသီးဟင်းရွက်များ ထောက်ပံ့ခြင်းကို ယနေ့နံနက်ပိုင်းက မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ စိုက်ပျိုးရေးနှင့် မွေးမြူရေးဌာနရုံး (မနော်ရမ္မ)တွင် ပြုလုပ်ခဲ့သည်။

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဌာန ဘက်စုံခြံမှ ထုတ်ကုန်များဖြစ်သော ဟင်းသီးဟင်းရွက်များကို ကော်မတီ၏ လမ်းညွှန်မှုများအတိုင်း ဝန်ထမ်းများ သက်သာချောင်ချိရေးအတွက် ထောက်ပံ့ပေးခြင်းဖြစ်ပြီး ရာသီအလိုက်သီးနှံများကို စိုက်ပျိုး၍ ခူးဆွတ်ပေးဝေလျက်ရှိရာ ဆက်လက်ဖြန့်ဝေနိုင်ရန် သီးနှံများ ပျိုးထောင်ထားရှိကြောင်း စိုက်ပျိုးရေးနှင့်မွေးမြူရေးဌာန တာဝန်ရှိသူထံမှ သိရသည်။

(၁၅)ကြိမ်မြောက် ဟင်းသီးဟင်းရွက်များကို ထောက်ပံ့ပေးအပ်ရာ ကန်စွန်းရိုးနီ(၅၀)စီး၊ ခရမ်းသီး(၅၀)ထုတ်၊ ဗူးသီး(၃)လုံး၊ ချဉ်ပေါင်(၂၉၀)စီး၊ သခွားသီး(၅၀)လုံး၊ ငှက်ပျောသီး(၂၈)ဖီးနှင့် ငွေနှင်းမှို(၁၈၃)ထုတ်တို့ကို ပြည်ကြီးတံခွန်မြို့နယ်မြို့နယ်အုပ်ချုပ်ရေးမှူးရုံးရှိ ဝန်ထမ်း(၅၈)ဦး၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဌာနရှိ ဝန်ထမ်း(၄၅)ဦးတို့အား ဟင်းသီးဟင်းရွက်များကို စိုက်ပျိုးရေးနှင့် မွေးမြူရေးဌာန ဒုတိယဌာနမှူး ဦးဇော်ဇော်ထွန်းနှင့် တာဝန်ရှိသူများက အချိုးကျခွဲဝေ ထောက်ပံ့ပေးအပ်ကြရာ သက်ဆိုင်ရာဌာန တာဝန်ရှိသူများက လက်ခံရယူခဲ့ကြကြောင်း သိရသည်။

**(အပေါ်ခဲပုံ)**

**(မန္တလေးနေ့စဉ်-၃)**

၂၀၂၅ ခုနှစ် ၊ အောက်တိုဘာ ၁ ရက်၊ ဗုဒ္ဓဟူးနေ့။

## မသန်စွမ်းလူငယ်များ၏ ဘဝမြှင့်တင်နိုင်ရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိ

မသန်စွမ်းသူများအနေဖြင့် ဂုဏ်သိက္ခာရှိစွာ၊ အမှီအခိုကင်းစွာ ဘဝရပ်တည်နိုင်ရေးအတွက် မသန်စွမ်းမှုအမျိုးအစားအလိုက် သက်ဆိုင်ရာဒေသနှင့် ကိုက်ညီသည့် အသက်မွေးဝမ်းကျောင်းသင်တန်းများ ဖွင့်လှစ်ပေးခြင်းအပြင် အလုပ်အကိုင်အခွင့်အလမ်းနှင့် ကိုယ်ပိုင်ဝင်ငွေများ ရရှိစေရန်အတွက် အကောင်အထည်ဖော်ဆောင်ရွက်ခြင်း လုပ်ငန်းများကို အလေးပေးဆောင်ရွက်လျက်ရှိပါကြောင်း၊ မသန်စွမ်းလူငယ်များအပါအဝင် လူငယ်များအတွက် အသက်မွေးဝမ်းကျောင်းသင်တန်းများ ဖွင့်လှစ်ခြင်း၊ အသက်မွေးဝမ်းကျောင်း ပညာသင်စရိတ်ထောက်ပံ့ပေးခြင်းစသည့် လူငယ်များ၏ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် မူဝါဒ၊ ရည်မှန်းချက်များကိုလည်း ချန်လှပ်ထားခြင်းမရှိဘဲ မသန်စွမ်းလူငယ်များ၏ အခွင့်အရေး၊ ကာကွယ်ရေးနှင့် မသန်စွမ်းလူငယ်များ၏ ဘဝမြှင့်တင်နိုင်ရေးအတွက် ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်မင်းထက်က စက်တင်ဘာ ၂၉ ရက် နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနခန်းမ၌ ကျင်းပသည့် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၊ လူငယ်ရေးရာဦးစီးဌာနနှင့် အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနတို့ပူးပေါင်း၍ဖွင့်လှစ်သည့် မသန်စွမ်းလူငယ်များအတွက် စားသောက်ကုန်ထုတ်လုပ်မှုနည်းပညာပေးသင်တန်းအမှတ်စဉ် (၁/၂၀၂၅) ဖွင့်ပွဲအခမ်းအနား၌ ပြောကြားခဲ့သည်။

မသန်စွမ်းသူများ၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပံ့ပိုးကူညီခြင်း၊ မသန်စွမ်းသူများအတွက် အခြေခံအခွင့်အရေးများဖြစ်သည့် အထူးပညာရေး၊ ကျန်းမာရေးစောင့်ရှောက်မှုရရှိရေး၊ သဘာဝဘေးကြုံတွေ့ချိန်တွင် ကြံ့ကြံ့ခံရင်ဆိုင်နိုင်ရေးတို့အား စနစ်တကျ ပံ့ပိုးဆောင်ရွက်လျက်ရှိသည်။

ဒုတိယဝန်ကြီးက ဆက်လက်ပြောကြားရာတွင် ယခုသင်တန်းတွင်လည်း ယိုမျိုးစုံ၊ ဖျော်ရည်မျိုးစုံနှင့် မြန်မာ့ရိုးရာမုန့်မျိုးစုံ ပြုလုပ်နည်းများကို စာတွေ့လက်တွေ့သင်ကြားပေးသွားမည်ဖြစ်ပြီး သင်တန်းတက်ရောက်ကြမည့် မသန်စွမ်းလူငယ်များအနေဖြင့် သင်တန်းကာလအတွင်း တန်ဖိုးရှိသည့်အချိန်များနှင့် ကုန်ကျစရိတ်များကို အလဟဿမဖြစ်စေရန် သင်ကြားပေးသည့် အတတ်ပညာများကို အမှန်တကယ်တတ်မြောက်အောင် ကြိုးစားပြီး အရည်အသွေးပြည့်မီသည့် ကုန်ပစ္စည်းများကို ထုတ်လုပ်ရောင်းချဖြန့်ဖြူးနိုင်သည့်အဆင့်ထိ ရောက်ရှိအောင် ကြိုးစားသင်ယူကြရန်လိုအပ်ကြောင်း၊ သင်တန်းနည်းပြဆရာမများကလည်း သင်တန်းသား မသန်စွမ်းလူငယ်များကို စိတ်ရှည်ရှည်ထားပြီး စာတွေ့လက်တွေ့သင်ကြားပေးသွားရန်နှင့် သင်တန်းသားများကလည်း အသိပညာ၊ အတတ်ပညာများကို ကြိုးစားသင်ယူပြီး လူနေမှု ဘဝဖွံ့ဖြိုးတိုးတက်အောင် ဆက်လက်ကြိုးစားသွားကြရန် တိုက်တွန်းမှာကြားသည်။

အဆိုပါ စားသောက်ကုန်ထုတ်လုပ်မှု နည်းပညာပေးသင်တန်းကို အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်နန်းကေခိုင်မြတ်ထွန်းနှင့် ဦးစီးမှူး ဒေါ်ခင်ရတနာသိန်းတို့က သင်တန်းသား ၃၀ ကို စက်တင်ဘာ ၂၉ ရက်မှ အောက်တိုဘာ ၃ ရက်အထိ သင်တန်းကာလ ငါးရက်ကြာ စာတွေ့လက်တွေ့သင်ကြားပို့ချ ပေးသွားမည်ဖြစ်သည်။

နိုင်ငံတော်အနေဖြင့် မသန်စွမ်းလူငယ်များ၏ ဘဝမြှင့်တင်နိုင်ရေးအတွက် ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိပြီး မသန်စွမ်းသူများကိုလည်း လူ့အသိုက်အဝန်းအတွင်း အပြည့်အဝပါဝင်ဆောင်ရွက်ခွင့်ရစေရေး အလေးထားဆောင်ရွက်လျက်ရှိကြောင်းရေးသားလိုက်ရပေသည်။

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန ဖုန်း/၀၉-၇၅၁၁၇၀၁၁၉ ၃၅လမ်းနှင့် ၇၁လမ်းထောင့်

## ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကို ဒီတိုင်းကြည့်နေမှာ မဟုတ်

**ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကိုတော့ ကျုပ်တို့အစိုးရကလည်း ဒီတိုင်းကြည့်နေမှာ မဟုတ်ဘူး။ အပြင်းအထန်နှိပ်ကွပ်ရမှာပဲ။ ရွေးကောက်ပွဲမှာ လွတ်လပ်စွာ ယှဉ်ပြိုင်ရွေးကောက်တဲ့နေရာမှာတော့ ဘယ်သူ့ကိုမှ ကျုပ်တို့အစိုးရက နှောင့်ယှက်မှာမဟုတ်ဘူး။ သို့သော် ဖျက်လိုဖျက်ဆီးလုပ်တဲ့လူမှန်သမျှကိုတော့ အာဏာကုန်နှိမ်နင်းပစ်မှာပဲဆိုတာ ရှင်းရှင်းကြီး သတိပေးထားပါရစေ။**

**(၁၉၄၇ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့တွင် ရွေးကောက်ပွဲနှင့်ပတ်သက်၍ ဗိုလ်ချုပ်အောင်ဆန်းပြောကြားခဲ့သည့် အသံလွှင့်မိန့်ခွန်းမှ ကောက်နုတ်ချက်)**



■ ရှေ့ဖုံးမှ

ပထမအကြိမ်အဖြစ်လည်းကောင်း၊ ၂၀၂၄ ခုနှစ်၊ ဩဂုတ်လမှစတင်၍ ဒုတိယအကြိမ်အဖြစ်လည်းကောင်း လစဉ်ခံစားခွင့်ပြုခဲ့ပါသည်။ ယခုအခါ လက်ရှိထောက်ပံ့လျက်ရှိသည့် အပိုထောက်ပံ့ကြေး ကျပ် ၆၀,၀၀၀/- အပြင် ထပ်မံ၍ ကျပ် ၃၀,၀၀၀/- (ကျပ်သုံးသောင်းတိတိ)ကို အပိုထောက်ပံ့ကြေးအဖြစ် လစဉ်ခံစားခွင့်ပြုလိုက်သည်။

### အပိုင်း ၃
### ဝန်ထမ်းများအား အပိုထောက်ပံ့ကြေးထုတ်ပေးရေးနှင့်စပ်လျဉ်း၍ လိုက်နာဆောင်ရွက်ရန်

၃။ အထက်ဖော်ပြပါ နိုင်ငံတော်အတွင်း နိုင်ငံတော်၏တာဝန်ကို ထမ်းဆောင်လျက်ရှိကြသည့် ဝန်ထမ်းများနှင့် တပ်မတော်(ကြည်း၊ ရေ၊ လေ)ဝန်ထမ်းများအား အပိုထောက်ပံ့ကြေးထုတ်ပေးရာတွင် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(က) အငြိမ်းစားယူရန် ကြိုတင်ပြင်ဆင်ခွင့် (၄) လအတွက်နှင့် လစာပြည့် သို့မဟုတ် လစာဝက် အစရှိသည့် လစာငွေရရှိသော အခြားခွင့်ခံစားနေသည့်ကာလအတွင်း အပိုထောက်ပံ့ကြေးကို ခံစားခွင့်ရှိပါသည်။

(ခ) ပညာသင်ကြားခွင့်[၁] ဖြင့် နိုင်ငံခြားတိုင်းပြည်များသို့ စေလွှတ်ခြင်းခံရသော ဝန်ထမ်းများနှင့် ပညာသင်ခွင့် စည်းကမ်းချက်များ[၂]ဖြင့် နိုင်ငံခြားသို့ သွားရောက်ပညာသင်ကြားနေကြသည့် ဝန်ထမ်းများသည် ယင်းသို့ သွားရောက်နေသည့် ကာလအတွင်း အပိုထောက်ပံ့ကြေးကို ခံစားခွင့်မရှိပါ။

(ဂ) တာဝန်ထမ်းဆောင်ရာ၌ လိုအပ်သောအရည်အချင်း ပြည့်စုံမှုအတွက် ပြည်တွင်းတက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံတစ်ခုခုတွင်လည်းကောင်း၊ စက်မှုစိုက်ပျိုးနှင့် သက်မွေးပညာဆိုင်ရာသိပ္ပံ သို့မဟုတ် အထက်တန်းကျောင်းတစ်ခုခုတွင်လည်းကောင်း ပညာသင်ခွင့် စည်းကမ်းချက်များဖြင့် တက်ရောက်ပညာသင်ကြားခွင့် ရရှိသော ဝန်ထမ်းများအား ပညာသင်ခွင့်ကာလအတွင်း အပိုထောက်ပံ့ကြေးကို ခံစားခွင့်ပြုရပါမည်။

(ဃ) ရာထူးမှ ခေတ္တချထားခြင်းခံရသော ဝန်ထမ်းများအား တည်ဆဲနည်းဥပဒေများအရ နေထိုင်စားသောက်မှုစရိတ်[၃]ကို ထုတ်ပေးထားစဉ်ကာလအတွင်း အပိုထောက်ပံ့ကြေးကို ခံစားခွင့်ပြုရပါမည်။

(င) ပုံသေလစာ[၄] ရရှိသော ဝန်ထမ်းများသည်လည်း အပိုထောက်ပံ့ကြေးကို လစဉ်ခံစားခွင့်ရှိမည်ဖြစ်ပါသည်။

### အပိုင်း ၄
### နေ့စားဝန်ထမ်းများနှင့် နေ့စားအလုပ်သမားများအတွက် အပိုထောက်ပံ့ကြေး

၄။ အစိုးရဌာနများနှင့် အဖွဲ့အစည်းများရှိ နေ့စားဝန်ထမ်းများနှင့် နေ့စားအလုပ်သမားများ၏ လုပ်ခကို အလုပ်ချိန် တစ်နေ့ (၈)နာရီအတွက် လက်ရှိသတ်မှတ်ထားသော လုပ်ခ ကျပ် ၄,၈၀၀/- အပေါ်တွင် အပိုထောက်ပံ့ကြေး ကျပ်၁,၀၀၀/-ကို ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလမှစတင်၍ ပထမအကြိမ်အဖြစ်လည်းကောင်း၊ ထပ်မံ၍ ကျပ် ၁,၀၀၀/-ကို ၂၀၂၄ ခုနှစ်၊ ဩဂုတ်လမှစတင်၍ ဒုတိယအကြိမ်အဖြစ်လည်းကောင်း လစဉ်ခံစားခွင့်ပြုခဲ့ပါသည်။ ယခုအခါ လက်ရှိထောက်ပံ့လျက်ရှိသည့် အပိုထောက်ပံ့ကြေး ကျပ် ၂,၀၀၀/-အပြင် ထပ်မံ၍ ကျပ်၁,၀၀၀/-ကို အပိုထောက်ပံ့ကြေး အဖြစ် ခံစားခွင့်ပြုရန်ဖြစ်သဖြင့် နေ့စားအလုပ်သမားများအား နေ့စဉ်လုပ်ခ ကျပ် ၇,၈၀၀/- (ကျပ်ခုနစ်ထောင့်ရှစ်ရာတိတိ)ကို ခွင့်ပြုရန်ဖြစ်ပါသည်။

၅။ အောက်ဖော်ပြပါ ဝန်ထမ်းများသည် အပိုထောက်ပံ့ကြေးကို ခံစားခွင့်မရှိပါ-

(က) လုပ်ငန်းစာချုပ်အစရှိသည့် ဆောင်ရွက်ပြီးစီးသော လုပ်ငန်းပမာဏ သို့မဟုတ် အရေအတွက်ကို လိုက်၍ အခကြေးငွေရရှိသည့် ဝန်ထမ်းများနှင့် အလုပ်သမားများ၊

(ခ) အချိန်ပိုင်း[၅]သာ ဆောင်ရွက်ရသည့် ဝန်ထမ်းများ၊

### အပိုင်း ၅
### အငြိမ်းစားဝန်ထမ်းများအတွက် အပိုထောက်ပံ့ကြေး

၆။ နိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသော အငြိမ်းစားဝန်ထမ်းများ(တပ်မတော်အငြိမ်းစား ဝန်ထမ်းများအပါအဝင်)အား အပိုထောက်ပံ့ကြေးအဖြစ် တစ်ဦးလျှင်တစ်လ ကျပ် ၃၀,၀၀၀/- ကို ၂၀၂၄ ခုနှစ်၊ ဩဂုတ်လမှစတင်၍ ပထမအကြိမ်အဖြစ် လစဉ်ခံစားခွင့်ပြုခဲ့ပါသည်။ ယခုအခါ လက်ရှိထောက်ပံ့လျက်ရှိသည့် အပိုထောက်ပံ့ကြေး ကျပ် ၃၀,၀၀၀/-အပြင် ထပ်မံ၍ ကျပ် ၃၀,၀၀၀/-(ကျပ်သုံးသောင်းတိတိ)ကို အပိုထောက်ပံ့ကြေးအဖြစ် လစဉ်ခံစားခွင့်ပြုရန်ဖြစ်ပါသည်။

### အပိုင်း ၆
### အငြိမ်းစားဝန်ထမ်းများအား အပိုထောက်ပံ့ကြေးပေးရေးနှင့်စပ်လျဉ်း၍ လိုက်နာဆောင်ရွက်ရန်

၇။ အငြိမ်းစားဝန်ထမ်းများအား အပိုထောက်ပံ့ကြေးခံစားခွင့်ပြုရေးနှင့်ပတ်သက်၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(က) နိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသည့် အငြိမ်းစားဝန်ထမ်းများကိုသာ အပိုထောက်ပံ့ကြေးကို ခံစားခွင့်ပြုရန်ဖြစ်၍ နိုင်ငံခြားတိုင်းပြည်များတွင် ယာယီဖြစ်စေ၊ အမြဲတမ်းဖြစ်စေ သွားရောက်နေထိုင်ကြသူများကို နိုင်ငံခြားတွင် သွားရောက်နေစဉ်အတွင်း အပိုထောက်ပံ့ကြေးကို ခံစားခွင့်ပြုမည်မဟုတ်ပါ။

(ခ) ပင်စင်လစာတစ်ခုထက် ပို၍ရရှိနေသော အငြိမ်းစားဝန်ထမ်းများအတွက် ယင်းသို့ရရှိနေသည့် ပင်စင်လစာအားလုံး၏ စုစုပေါင်းအပေါ်တွင် အပိုထောက်ပံ့ကြေးကို ခံစားခွင့်ပြုရန်ဖြစ်ပါသည်။

(ဂ) မိသားစုပင်စင်နှင့် ပတ်သက်၍ အကျိုးခံစားခွင့်ရှိသူအားလုံး(ဥပမာ-ကွယ်လွန်သူ ဝန်ထမ်း၏ ဇနီးနှင့် သားသမီးများအားလုံး)ခံစားရရှိနေသည့် ပင်စင်ငွေစုစုပေါင်းအပေါ်တွင် အပိုထောက်ပံ့ကြေးကို ခံစားခွင့်ပြုရန်နှင့် ယင်းအပိုထောက်ပံ့ကြေးကို တစ်ကြိမ်သတ်မှတ်ပြီးဖြစ်ပါက တစ်ဦးတစ်ယောက်၏ ခံစားခွင့်ရပ်စဲသွားသည့်အခါ အပိုထောက်ပံ့ကြေးကို ထပ်မံပြင်ဆင်သတ်မှတ်ရန် မလိုပါ။

(ဃ) ယခုခွင့်ပြုသော အပိုထောက်ပံ့ကြေးကို တစ်လုံးတည်းပင်စင်အဖြစ် လဲလှယ်ခွင့်မရှိပါ။

(င) ပင်စင်နှင့် လုပ်သက်ဆုငွေများကို လက်ရှိပြဋ္ဌာန်းထားသော စည်းမျဉ်းများအတိုင်းပင် ဆက်လက်ခံစားခွင့်ပြုရမည်။

(စ) ယခင်စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၏ ၁၅-၈-၂၀၂၄ ရက်စွဲပါ စာအမှတ်၊ စဘ/ဘဏ္ဍာ-၂/၂/၃၁၀ (၃၉၀၄/၂၀၂၄)ဖြင့် ထုတ်ပြန်ထားသည့် ညွှန်ကြားချက်အပိုဒ် ၂ ပါ အချက်များကိုပါ လိုက်နာဆောင်ရွက်ရမည်။

### အပိုင်း ၇
### အထွေထွေ

၈။ ဤအမိန့်သည် **၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှစ၍** အတည်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံ့ဝန်ထမ်းများနှင့် အငြိမ်းစားဝန်ထမ်းများအား ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလအတွက် ပေးရန်ရှိသောလစာ၊ လုပ်ခ၊ ပင်စင်လစာနှင့်အတူ အပိုထောက်ပံ့ကြေးကို ထုတ်ပေးနိုင်အောင် ဆောင်ရွက်ပေးရပါမည်။

(ဒေါက်တာကံဇော်)
ပြည်ထောင်စုဝန်ကြီး

၁။ Study Leave ၂။ Deputation ၃။ Subsistence Allowance ၄။ Fixed Pay ၅။ Part-time

❁ ရှေ့ဖုံးမှ

ရက်မှာ ပြည်တွင်းခရီးသွားဝင်ရောက်မှုက မနှစ်ကလိုပဲ များမှာပါ။ ဟိုတယ်မှာ Booking ကြိုတင်လုပ်ထားကြပေမယ့် တချို့လည်း မလာဖြစ်တာမျိုးရှိတယ်။ Taxi တွေ ၊ E-Bike ငှားသူတွေနဲ့ မြင်းလှည်းသမားတွေ ဝင်ငွေကောင်းချိန်ဖြစ်သလို ဧည့်သည်အများစုက သူတို့အပြန်မှာ ပုဂံအမှတ်တရပစ္စည်းတွေ ဝယ်ကြလို့ ရောင်းအားကောင်းချိန်ပေါ့”ဟု ၎င်းက ဆက်လက်ပြောသည်။

ဟိုတယ်၊ တည်းခိုခန်း ဈေးနှုန်းများမှာ ဝန်ဆောင်မှုနှင့် အခန်းပြင်ဆင်ထားရှိမှုများအပေါ် မူတည်၍ ငွေကျပ် ၃၀၀၀၀ မှ ၇၀၀၀၀ ဝန်းကျင် ပေါက်ဈေးရှိပြီး ဟိုတယ်၊ တည်းခိုခန်း အများစုတွင် သီတင်းကျွတ်ပိတ်ရက်အတွက် ကြိုတင်အခန်းငှားရမ်းထားမှုများ ပြားကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်-၉)**

**၃၀ · ၉ · ၂၀၂၅ ရက်နေ့**
**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး**
**(Market Rate)**

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗ စင်တီမီတာနှင့် အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ဂရမ်) ၏ ဈေးနှုန်းမှာ ၅၉၉၀၀၀၀ ကျပ် ဖြစ်သည်။
ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး
သတ်မှတ်ရေးကော်မတီ

## မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်းများ ဖြစ်ပေါ်နိုင်

နေပြည်တော် စက်တင်ဘာ ၃၀

မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေမှာ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းမှု အားကောင်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့်မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်သဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။ မိုး/ဇလ

# ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင် (၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အထိမ်းအမှတ် အရုဏ်ဆွမ်း ဆက်ကပ်လှူဒါန်းပွဲနှင့် ဇီဝိတဒါနငါးလွှတ်ပွဲ တက်ရောက်




နေပြည်တော် စက်တင်ဘာ ၃၀

(၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အထိမ်းအမှတ် ဆရာတော်၊ သံဃာတော်များအား အရုဏ်ဆွမ်းဆက်ကပ်လှူဒါန်းခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် အရိန္ဒမာခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ပျဉ်းမနားမြို့ မင်္ဂလာဧယျာပါဠိ တက္ကသိုလ်ကျောင်းတိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝိမလဗုဒ္ဓိနှင့် ဆရာတော်သံဃာတော်များ ကြွရောက်တော်မူကြပြီး ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်နှင့် ဇနီး၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ် အောင်ကျော်ကျော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယ ရဲဗိုလ်ချုပ်ကြီး ဝင်းဇော်မိုးနှင့် ဇနီး၊ အမြဲတမ်းအတွင်းဝန် ဦးခိုင်ထွန်းဦးနှင့်ဇနီး၊ ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယရဲချုပ်များ၊ တာဝန်ရှိသူများနှင့် ၎င်းတို့၏ဇနီးများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

### ပရိတ်တရားတော်များ နာယူကြည်ညို

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်ပရိသတ်များက ပျဉ်းမနားမြို့ မင်္ဂလာဧယျာပါဠိ တက္ကသိုလ်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဝိမလဗုဒ္ဓိထံမှ ငါးပါးသီလခံယူဆောက်တည်ကာ ဆရာတော်သံဃာတော်များ ချီးမြှင့်အပ်သော ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်ပရိသတ်များက ဆရာတော် သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကာ အနုမောဒနာတရားနာကြား၍ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြပြီး ဆရာတော်၊ သံဃာတော်များအား အရုဏ်ဆွမ်း ဆက်ကပ်လှူဒါန်းကြသည်။

### ငါးကောင်ရေ ၂၅၀၀ ဇီဝိတဒါနအဖြစ် လွှတ်ပေး

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ဇမ္ဗူသီရိမြို့နယ် ဘောဂသိဒ္ဓိရပ်ကွက် ပျဉ်းမနား-တောင်ညိုလမ်းဘေးရှိ အမှတ်(၃) မင်္ဂလာကန်တော်၌ ကျင်းပသည့် (၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဇီဝိတဒါနငါးလွှတ်ပွဲအခမ်းအနားသို့ တက်ရောက်ပြီး မင်္ဂလာကန်တော်အတွင်းသို့ ငါးကောင်ရေ ၂၅၀၀ ကို ဇီဝိတဒါနအဖြစ် လွှတ်ပေးကြသည်။(အပေါ်ပုံ)

### တစ်နေ့တာ အာဟာရဒါန ကျွေးမွေးလှူဒါန်းသွားမည်

ထို့အတူ (၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အထိမ်းအမှတ်အဖြစ် နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ "ကရုဏာကမ္ဘာ" ဘိုးဘွားရိပ်သာသို့ ငွေပဒေသာပင် အလှူငွေကျပ် သိန်း ၅၀ လှူဒါန်းခဲ့ပြီး အောက်တိုဘာ ၁ ရက်တွင် ဘိုးဘွားရိပ်သာမှ အဘိုးအဘွား ၁၉၁ ဦးတို့ကို တစ်နေ့တာ အာဟာရဒါန ကျွေးမွေးလှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# ကြက်မောက်တောင် ရေလှောင်တမံနှင့် ရေပိုလွှဲ၏ ကြံ့ခိုင်မှုကောင်းမွန်လျက်ရှိပြီး စိုးရိမ်ဖွယ်ရာအခြေအနေမရှိဟု သိရ



နေပြည်တော် စက်တင်ဘာ ၃၀

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ကျောက်ပန်းတောင်းမြို့နယ်အတွင်းရှိ ကြက်မောက်တောင် ရေလှောင်တမံသည် ယနေ့နံနက် ၉ နာရီတွင် ကန်ရေပြည့်အမှတ်သို့ ကျော်လွန်ရောက်ရှိခဲ့ကြောင်း သိရသည်။

ထိုသို့ ကန်ရေပြည့်အမှတ် ကျော်လွန်ပြီး ရေပိုလွှဲမှ စတင်ရေကျော်စီးဆင်းခဲ့ရာ မွန်းလွဲ ၃ နာရီတွင် ရေပိုလွှဲမှ အမြင့်ဆုံး ၃ ဒသမ ၄၀ ပေအထိ ရေကျော်စီးဆင်းခဲ့သော်လည်း ညနေ ၆ နာရီတွင် အမြင့် ၃ ဒသမ ၃၀ ပေ ရေကျော်စီးဆင်းလျက်ရှိသည့် အတွက် ရေအမှတ်များ ပြန်လည်ကျဆင်းလျက်ရှိကြောင်း သိရသည်။

ကြက်မောက်တောင်ရေလှောင်တမံနှင့် ရေပိုလွှဲ၏ ကြံ့ခိုင်မှုသည် ကောင်းမွန်လျက်ရှိပြီး စိုးရိမ်ဖွယ်ရာအခြေအနေမရှိကြောင်း သိရှိရပြီး ရေပိုလွှဲမှ ရေကျော်စီးဆင်းခဲ့သည့်အတွက် တောင်ဇင်းချောင်း တစ်လျှောက်ရှိ ကျေးရွာများမှ ဒေသခံပြည်သူများအနေဖြင့် ချောင်းရေ မြင့်တက်နေမှုအား ဂရုပြုနေထိုင် ကြရန် အသိပေးနိုးဆော်ထားသည်။

သတင်းစဉ်



တာချီလိတ်မြို့၌ စက်တင်ဘာ ၃၀ ရက်က မဲဆန္ဒရှင်စာရင်းများကို သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးများတွင် မဲဆန္ဒရှင်စာရင်းများ ထုတ်ပြန်ကြေညာထားရှိမှုကို ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးနေဝင်းနှင့် အဖွဲ့ဝင်များက မဲဆန္ဒရှင်များ မဲစာရင်း လာရောက်ကြည့်ရှုနေမှုကို လိုအပ်သည်များ ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ ခရိုင်(ပြန်/ဆက်)



နောင်ချိုမြို့နယ်တွင် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲ၌ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ မဲဆန္ဒရှင်စာရင်းများကို စက်တင်ဘာ ၃၀ ရက်က မြို့နယ်အတွင်းရှိ ရပ်ကွက်ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများနှင့် ကျေးရွာများတွင် ပထမအကြိမ် ကြေညာထားမှုကို ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးဘိုးရီနှင့် အဖွဲ့ဝင်များက ပြည်သူများ မဲစာရင်းလာရောက်ကြည့်ရှုနေမှုကို လိုအပ်သည်များ ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ မြို့နယ်(ပြန်/ဆက်)



ဒီဇင်ဘာ ၂၈ ရက်တွင် ကျင်းပမည့် အထွေထွေရွေးကောက်ပွဲတွင် မဲပေးပိုင်ခွင့်ရှိသည့် မဲဆန္ဒရှင်စာရင်းများကို ပထမအကြိမ်အဖြစ် စက်တင်ဘာ ၃၀ ရက်တွင် တောင်ကြီးမြို့ ရပ်ကွက်၊ ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲရုံးများနှင့် တပ်ရင်းတပ်ဖွဲ့များ၌ ကြေညာထားရာ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးစိုင်းဘမြင့်၊ အတွင်းရေးမှူး ဦးခွန်မြတ်ဆန်းထွန်းနှင့် အဖွဲ့ဝင်များက မဲဆန္ဒရှင်စာရင်းများကို သက်ဆိုင်ရာ ရပ်ကွက်ကော်မရှင်အဖွဲ့ခွဲရုံးများ၌ ကြေညာထားမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။ သတင်းစဉ်

# ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

## လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

ရွေးကောက်ပွဲကျင်းပရန်

၈၈

ရက်

သာ လိုတော့သည်။

- ❖ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၁၈-၈-၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ် (၅၅/၂၀၂၅)ဖြင့် လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း (၁) ကို ၂၈-၁၂-၂၀၂၅ ရက်နေ့တွင် စတင်ကျင်းပပြုလုပ်မည်ဖြစ်ကြောင်းနှင့် ဆက်လက်ကျင်းပပြုလုပ်မည့် အပိုင်းလိုက် နေ့ရက်များကိုလည်း ထုတ်ပြန်ပေးသွားမည်ဖြစ်ကြောင်း သတ်မှတ်ကြေညာပြီးဖြစ်သည်။
- ❖ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၁၅-၈-၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ် (၅၀/၂၀၂၅) ဖြင့် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်များကိုလည်းကောင်း၊ ကြေညာချက်အမှတ် (၅၁/၂၀၂၅) ဖြင့် အမျိုးသားလွှတ်တော် မဲဆန္ဒနယ်များကိုလည်းကောင်း၊ ကြေညာချက်အမှတ် (၅၂/၂၀၂၅) ဖြင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်မဲဆန္ဒနယ်များကို လည်းကောင်း၊ ကြေညာချက်အမှတ် (၅၃/၂၀၂၅) ဖြင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် တိုင်းရင်းသားလူမျိုးမဲဆန္ဒနယ်များကို လည်းကောင်း သတ်မှတ်ကြေညာပြီးဖြစ်သည်။
- ❖ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၂၀-၈-၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ် (၅၆/၂၀၂၅) ဖြင့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁) တွင် ပါဝင်သည့် မြို့နယ်များကို သတ်မှတ်ကြေညာပြီးဖြစ်သည်။

### မဲစာရင်းများကို သွားရောက်ကြည့်ရှုပါ

မဲစာရင်းများကို ၃၀-၉-၂၀၂၅ ရက်နေ့မှ ၁၃-၁၀-၂၀၂၅ ရက်နေ့အထိ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲရုံးများတွင် ပထမအကြိမ် ကပ်ထားကြေညာထားပါသည်။ မဲစာရင်းတွင် အမည်မပါလျှင် ပုံစံ (၃) ဖြင့် တောင်းဆိုပါ။ အမည်နှင့် အချက်အလက်များကို ကန့်ကွက်ရန်ရှိပါက ပုံစံ (၄) ဖြင့် ကန့်ကွက်ပါ။ အချက်အလက်များ ပြင်ဆင်ရန်ရှိပါက ပုံစံ (၄-က) ဖြင့် လျှောက်ထားပါ။ ယင်းပုံစံများကို သက်ဆိုင်ရာ ကော်မရှင်အဖွဲ့ခွဲရုံးများတွင် အခမဲ့ရယူနိုင်ပါသည်။

### ရွေးကောက်ပွဲတွင် ယာယီနေရပ်စွန့်ခွာနေရသူများ ကြိုတင်မဲပေးနိုင်သည်

ယာယီနေရပ်စွန့်ခွာနေရသူများသည် မိမိတို့၏ နေရပ်ရင်း မဲဆန္ဒနယ်အတွက် ကြိုတင်မဲပေးနိုင်ရန် ပုံစံ (၁၅) များကို မိမိတို့ ရောက်ရှိရာဒေသ မြို့နယ်ကော်မရှင်အဖွဲ့ခွဲတွင် အခမဲ့ရယူ၍ ၁၂-၁၀-၂၀၂၅ ရက်နေ့ နောက်ဆုံးထား လျှောက်ထားနိုင်သည်။



ထားဝယ်မြို့နယ်အတွင်း ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် သက်ဆိုင်ရာ ရပ်ကွက်/ ကျေးရွာများတွင် မဲဆန္ဒရှင်စာရင်းများဖြစ်သော ပုံစံ (၁)၊ (၁-က) များကို စက်တင်ဘာ ၃၀ ရက်က ကပ်ထားကြေညာထားရာ ပြည်သူများ စိတ်ပါဝင်စားစွာ လာရောက်ကြည့်ရှုကြစဉ်။ ခရိုင်(ပြန်/ဆက်)

ဟားခါးမြို့၌ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအတွက် ပထမအကြိမ် မဲဆန္ဒရှင်စာရင်းများကို စက်တင်ဘာ ၃၀ ရက်မှစတင်၍ ကပ်ထားကြေညာထားရာ မဲဆန္ဒရှင်ပြည်သူများ မဲစာရင်းများ လာရောက်ကြည့်ရှုကြစဉ်။ ကိုဆလိုင်း





မိုင်းဆတ်မြို့နယ်၌ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲတွင် အသက် ၁၈ နှစ်ပြည့်ပြီးသူတိုင်း ဆန္ဒမဲပေးနိုင်ခွင့်ရှိစေရန်နှင့် မဲဆန္ဒရှင်စာရင်းများ မှန်ကန်စေရန် မြို့နယ်အတွင်းရှိ မဲဆန္ဒရှင်စာရင်းများကို စက်တင်ဘာ ၃၀ ရက်မှစ၍ သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာကော်မရှင်အဖွဲ့ခွဲရုံးများတွင် ကြေညာထားရာ မဲဆန္ဒရှင်ပြည်သူများ ကြည့်ရှုကြစဉ်။ ယဉ်ယဉ်ဝင်း(ပြန်/ဆက်)

## မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှတစ်ဆင့် တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား ၁၈ ဦးကို ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့

နေပြည်တော် စက်တင်ဘာ ၃၀

နိုင်ငံတော် အစိုးရအနေဖြင့် နယ်စပ်ဒေသများတွင် ဖြစ်ပေါ်လျက်ရှိသည့် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများအပါအဝင် ဒုစရိုက်မှုများကို နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ထိထိရောက်ရောက် နှိမ်နင်း ဆောင်ရွက်လျက်ရှိရာ ကရင်ပြည်နယ် မြဝတီမြို့-ရွှေကုက္ကိုလ်၊ မဲ့ထော်သလေး(KK Park)နှင့် ကျောက်ခတ်နယ်မြေများသို့ တရားမဝင်လမ်းကြောင်းများမှတစ်ဆင့် ဝင်ရောက်နေကြသည့် နီပေါနိုင်ငံသား ခုနစ်ဦး၊ တောင်အာဖရိကနိုင်ငံသား လေးဦး၊ တရုတ်နိုင်ငံသား နှစ်ဦး၊ သီရိလင်္ကာနိုင်ငံသား နှစ်ဦး၊ ကင်မရွန်းနိုင်ငံသားတစ်ဦး၊ အီသီယိုးပီးယားနိုင်ငံသားတစ်ဦး၊ ဇင်ဘာဘွေနိုင်ငံသားတစ်ဦး စုစုပေါင်းပြည်ပနိုင်ငံသား ၁၈ ဦးကို ယနေ့တွင် ထပ်မံစစ်ဆေးဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့သည်။

အဆိုပါ စစ်ဆေးဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့သည့် ပြည်ပနိုင်ငံသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြန်လည်လွှဲပြောင်းပေးအပ်နိုင်ရေး ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များက လိုအပ်သည့် ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများ စာရင်းကောက်ယူခြင်းလုပ်ငန်း နေ့ချင်းပြီး ဆောင်ရွက်နေမှုကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကရင်ပြည်နယ် ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဘုန်းနှင့် တာဝန်ရှိသူများက ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ စက်တင်ဘာ ၃၀ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၉၄၃၉ ဦး စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၉၃၂၇ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့် အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၁၁၂ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။



နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှ ကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြည်နှင်လွှဲပြောင်းပေးနိုင်ရေး တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ကာတာနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဟောင်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ



နေပြည်တော် စက်တင်ဘာ ၃၀

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ကာတာနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဟောင်းဖြစ်သူ Dr. Khalid Bin Mohammed Al Attiyah ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ နံနက် ၉ နာရီ ၄၅ မိနစ်တွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။ (ယာပုံ)

တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ စိုက်ပျိုးရေး၊ ကျန်းမာရေးစောင့်ရှောက်မှု၊ နည်းပညာ၊ စွမ်းအင်နှင့် သတ္တုတူးဖော်ရေးကဏ္ဍများ၌ ပူးပေါင်းဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများ၊ ကာတာနိုင်ငံ ကုမ္ပဏီများအတွက် ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများနှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

အစည်းအဝေးသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် လက်ထောက်လူဝင်မှုကြီးကြပ်ရေးမှူးရာထူးအတွက် အင်္ဂလိပ်စာရေးဖြေစာမေးပွဲ အောင်မြင်သူများအား ကွန်ပျူတာဆန်းစစ်မှုနှင့် လူတွေ့နှုတ်ဖြေ ဖြေဆိုနေမှု ကြည့်ရှုအားပေး



နေပြည်တော် စက်တင်ဘာ ၃၀

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်သည် ဒုတိယဝန်ကြီး ဦးဌေးလှိုင်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ သတ်မှတ်နေရာများ၌ ကျင်းပလျက်ရှိသည့် လက်ထောက် လူဝင်မှုကြီးကြပ်ရေးမှူးရာထူးအတွက် ကွန်ပျူတာဆန်းစစ်မှုနှင့် လူတွေ့နှုတ်ဖြေ ဖြေဆို ဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှု အားပေးပြီး ကွန်ပျူတာဆန်းစစ်ဖြေဆိုရာတွင် စက်များချွတ်ယွင်းမှု မရှိစေရေးနှင့် မေးမြန်းသည့် မေးခွန်းများအပေါ် နားလည်သဘောပေါက်မှု ရှိစေရေး စောင့်ကြပ်ကြည့်ရှုဆောင်ရွက်ပေးရန် မှာကြားကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတွင် လစ်လပ်လျက်ရှိသည့် ဝန်ထမ်းများ ဖြည့်တင်းနိုင်ရန် လက်ထောက် လူဝင်မှုကြီးကြပ်ရေးမှူး ရာထူး အမျိုးသား၊ အမျိုးသမီး ၁၅၀ ခန့်ထားနိုင်ရေးအတွက် သတ်မှတ်ချက်နှင့်အညီ လျှောက်ထားသူများအား စက်တင်ဘာ ၆ ရက်တွင် သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်များရှိ သတ်မှတ်နေရာများ၌ အင်္ဂလိပ်စာ ရေးဖြေစာမေးပွဲများကို တစ်ပြိုင်တည်းကျင်းပခဲ့ပြီး အင်္ဂလိပ်စာရေးဖြေ စာမေးပွဲ အောင်မြင်သူများကို ကွန်ပျူတာဆန်းစစ်မှုနှင့် လူတွေ့နှုတ်ဖြေ ဖြေဆိုမှုများကို နေပြည်တော်ရှိ သတ်မှတ်နေရာများ၌ ကျင်းပကာ စစ်ဆေးမှုအောင်မြင်သူများအား လက်ထောက် လူဝင်မှုကြီးကြပ်ရေးမှူး ရာထူးဖြင့် ခန့်ထား ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# ဒုတိယဝန်ကြီး ဦးနိုင်မင်းကျော် မြန်မာနိုင်ငံဆိုင်ရာ ရုရှားသံအမတ်ကြီးအား လက်ခံတွေ့ဆုံ



နေပြည်တော် စက်တင်ဘာ ၃၀

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးနိုင်မင်းကျော်သည် မြန်မာနိုင်ငံဆိုင်ရာ ရုရှားသံအမတ်ကြီး H.E. Mr. Iskander Azizov အား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။ (ဝဲပုံ)

**အမြင်ချင်းဖလှယ်**

တွေ့ဆုံစဉ် နှစ်နိုင်ငံဆက်ဆံရေး ကိစ္စရပ်များ၊ နိုင်ငံတကာမျက်နှာစာ၌ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များအပေါ် အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

**တက်ရောက်**

တွေ့ဆုံပွဲသို့ မြန်မာနိုင်ငံဆိုင်ရာ ရုရှားသံရုံးမှ တာဝန်ရှိသူနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

သတင်းစဉ်

## ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ပထမ(၁၀)ရက်ပတ်အတွက် မိုးလေဝသနှင့်ဇလဗေဒခန့်မှန်းချက်

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်း နှစ်ကြိမ် ဖြစ်ပေါ်နိုင်ပြီး တစ်ကြိမ်တွင် ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်သည်။ အနောက်တောင်မုတ်သုံလေသည် ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှ ၆ ရက်နေ့အတွင်း မြန်မာနိုင်ငံ မြစ်ဝကျွန်းပေါ်ဒေသများမှလည်းကောင်း၊ အောက်တိုဘာလ ၇ ရက်နေ့မှ ၁၂ ရက်နေ့အတွင်း မြန်မာနိုင်ငံတောင်ပိုင်း ဒေသများမှလည်းကောင်း ဆုတ်ခွာသွားဖွယ်ရာရှိသည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအနည်းငယ်မှ အားအသင့်အတင့် ရှိနိုင်သည်။

**မိုးအခြေအနေနှင့် မိုးရွာရက်**

မိုးရွာသွန်းမှုအခြေအနေမှာ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ် (တောင်ပိုင်းနှင့် အရှေ့ပိုင်း) တို့တွင် ၈ ရက်မှ ၁၀ ရက်ခန့်နှင့် မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) တို့တွင် ၅ ရက်မှ ၇ ရက်ခန့် မိုးထစ်ချုန်းရွာနိုင်သည်။

**မြစ်ရေအခြေအနေ**

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ရွှေကူမြို့၊ ကသာမြို့နှင့် သပိတ်ကျင်းမြို့တို့တွင် နှစ်ပေမှ ငါးပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်ပြီး မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ မြင်းမူမြို့၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် နှစ်ပေမှ သုံးပေခွဲခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့၊ ဖောင်းပြင်မြို့၊ မော်လိုက်မြို့၊ ကလေးဝမြို့၊ မင်းကင်းမြို့၊ ကနီမြို့နှင့် မုံရွာမြို့တို့တွင် နှစ်ပေမှ လေးပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သည်။

မြစ်သာမြစ်ရေသည် ကလေးမြို့တွင် ငါးပေခန့်၊ ဒုဋ္ဌဝတီမြစ်ရေသည် သီပေါမြို့၊ ရွှေစာရံနှင့် မြစ်ငယ်မြို့တို့တွင် တစ်ပေမှ နှစ်ပေခန့်၊ ပဲခူးမြစ်ရေသည် ဇောင်းတူမြို့နှင့် ပဲခူးမြို့တို့တွင် နှစ်ပေမှ သုံးပေခန့်၊ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် တစ်ပေခွဲခန့်၊ ဝေါမြစ်ရေသည် ပုသိမ်မြို့တွင် တစ်ပေခွဲခန့်၊ တိုးမြစ်ရေသည် မအူပင်မြို့တွင် တစ်ပေခန့်နှင့် ဘီးလင်းမြစ်ရေသည့် ဘီးလင်းမြို့တွင် တစ်ပေခန့် လက်ရှိ ရေမှတ်များအထက် မြင့်တက်လာနိုင်ပြီး စစ်တောင်းမြစ်ရေသည် တောင်ငူမြို့နှင့် မဒေါက်မြို့တို့တွင် တစ်ပေခွဲခန့်စီ၊ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် ပေဝက်ခန့်၊ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် နှစ်ပေခန့်၊ ဝေါမြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် နှစ်ပေခန့်နှင့် သာပေါင်းမြို့တွင် ပေဝက်ခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန

# မဟာမုနိဘုရားကြီးနှင့် ရွှေကြက်ကျဆုတောင်းပြည့်မြတ်စွာဘုရားတို့ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် ဖူးမြော်၊ ငလျင်ကြောင့် ထိခိုက်ပြိုကျပျက်စီးမှုများအား ပြန်လည်တည်ဆောက်ပြုပြင်မွမ်းမံခြင်းလုပ်ငန်းများပြီးစီးမှု အခြေအနေအား လိုက်လံကြည့်ရှု

**မန္တလေး စက်တင်ဘာ ၃၀**

မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပြိုကျပျက်စီးခဲ့သည့် စေတီ၊ ပုထိုးများ၊ သာသနိက အဆောက်အအုံများ ပြန်လည်တည်ဆောက် ပြုပြင်မွမ်းမံခြင်း လုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများလိုက်ပါပြီး ယနေ့ညနေပိုင်းက လုပ်ငန်းဆောင်ရွက်နေမှုများနှင့်စပ်လျဉ်း၍ လိုက်လံကြည့်ရှုစစ်ဆေးခဲ့သည်။

ထိုသို့ လိုက်လံကြည့်ရှုရာတွင် ချမ်းမြသာစည်မြို့နယ်ရှိ မဟာမုနိဘုရားကြီးသို့ ရောက်ရှိပြီး မန္တလေးငလျင်ကြီးလှုပ်ခတ်မှုကြောင့် မဟာမုနိဘုရားကြီးနှင့် ဘုရားကြီးပရဝဏ်အတွင်းရှိ သာသနိကအဆောက်အအုံများ ထိခိုက်ပြိုကျပျက်စီးဆုံးရှုံးခဲ့မှုဖြစ်ပေါ်ခဲ့ပြီး ပြန်လည်ပြုပြင်မွမ်းမံတည်ဆောက်ခြင်းလုပ်ငန်းများနှင့် ပြီးစီးမှုအခြေအနေများကိုလည်းကောင်း၊ ဆက်လက်၍ အမရပူရမြို့နယ်ရှိ သမိုင်းဝင် ရွှေကြက်ကျဆုတောင်းပြည့်မြတ်စွာဘုရားသို့ ရောက်ရှိပြီး မန္တလေးငလျင်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် စေတီတော်ကြီးနှင့် အရံစေတီတော်များ၊ ရုပ်ပွားတော်မြတ်ကြီးနှင့် သာသနိကအဆောက်အအုံများ ပြန်လည်ပြုပြင်မွမ်းမံတည်ဆောက်ခြင်းလုပ်ငန်းများနှင့် ပြီးစီးမှုအခြေအနေများကိုလည်းကောင်း လိုက်လံကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုများအပေါ် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

၀-၀-၀-၀

၀-၀-၀-၀-၀







## စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**မိတ္ထီလာ စက်တင်ဘာ ၃၀**

မိတ္ထီလာခရိုင်အတွင်း ကျောင်းစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီက မိတ္ထီလာခရိုင်အထွေထွေအုပ်ချုပ်ရေးအစည်းအဝေးခန်းမတွင် ကျင်းပသည်။

**(အောက်ပုံ)**

အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်မြင့်ဦးက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးမင်းဇော်က အ.ထ.က (၁)တွင် အောက်တိုဘာ ၂၉ ရက်နေ့၌ ကျင်းပမည့် ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်အတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။ အဆိုပါပွဲတော်ကျင်းပနိုင်ရေး ပူးပေါင်းပါဝင်ဆောင်ရွက်ကြမည့် ဌာနဆိုင်ရာများ၊ မြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌနှင့် ကိုယ်ပိုင်ကျောင်းများ တည်ထောင်သူအသင်းဥက္ကဋ္ဌတို့က လုပ်ငန်းဆိုင်ရာများနှင့် ပတ်သက်၍ ဆွေးနွေးတင်ပြကြသည်။ ထို့နောက် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက လုပ်ငန်းဆိုင်ရာများ ဆွေးနွေးကြသည့်အပေါ်တွင် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်နိုင်ရေး ဆွေးနွေးပြောကြားခဲ့သည်။ အဆိုပါ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်အား ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ၏ ဦးဆောင်မှုဖြင့် ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ပညာရေးဌာန၊ မြို့နယ်စာရေးဆရာအသင်း၊ တက္ကသိုလ်များ၊ အခြေခံပညာကျောင်းများ၊ ကိုယ်ပိုင်ကျောင်းများနှင့် ဒေသခံပြည်သူများ ပူးပေါင်းဆောင်ရွက်မှုဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည် ဖြစ်ကြောင်းသိရသည်။

(၄၅၃)



## ဆေးတက္ကသိုလ်(မန္တလေး)အလုပ်သင်ဆရာဝန်(သစ်လွင်)ကြိုဆိုပွဲနှင့် Orientation Course For House Officers ဖွင့်ပွဲအခမ်းအနား ကျင်းပ

**မန္တလေး စက်တင်ဘာ ၃၀**

ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၊ ဆေးတက္ကသိုလ် (မန္တလေး) အလုပ်သင်ဆရာဝန်(သစ်လွင်)ကြိုဆိုပွဲနှင့် Orientation Course For House Officers ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၂၉ရက် နံနက် ၁၀ နာရီက မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ လမ်း၃၀နှင့် ၇၃ လမ်းထောင့်ရှိ ဆေးတက္ကသိုလ် (မန္တလေး) မန်းရတနာပုံ ဇီဝကခန်းမတွင် ကျင်းပသည်။

အခမ်းအနားသို့ ဆေးတက္ကသိုလ်(မန္တလေး) ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခ(ဌာနမှူး)များ၊ သင်ကြားစီမံ ဆရာ၊ ဆရာမများနှင့် အလုပ်သင်ဆရာဝန် ၂၈၉ ဦး တက်ရောက်ကြသည်။

ရှေးဦးစွာ ဆေးတက္ကသိုလ် (မန္တလေး) ပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာ မျိုးသက်တင်နှင့် ဒုတိယပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာစည်သူတို့က အမှာစကားပြောကြားကြပြီး မန္တလေးပြည်သူ့ဆေးရုံကြီး ဆေးရုံအုပ်ကြီး ဒေါက်တာဆန်းလွင်ဦးက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားကာ ပါမောက္ခ(ဌာနမှူး)များကိုယ်စား ဆေးတက္ကသိုလ် (မန္တလေး) ဆေးပညာဌာန ပါမောက္ခ(ဌာနမှူး) ပါမောက္ခ ဒေါက်တာအေးအေးချစ်က အလုပ်သင်ဆရာဝန်(သစ်လွင်)များအား သိသင့်သိထိုက်သည်များကို မှာကြားသည်။

ထို့နောက် နောက်ဆုံးနှစ် အမ်ဘီဘီအက်စ် အပိုင်း(ခ) (၅/၂၀၂၄) သင်တန်းတွင် ဂုဏ်ထူးရရှိကြသည့် ကျောင်းသား၊ ကျောင်းသူများအား ဆုများ ချီးမြှင့်ပေးအပ်ကြပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြကြောင်း သိရသည်။

**(အောက်ပုံ)**

(၀၉၃)

၀-၀-၀-၀



**ပန်းမန်သစ်ပင် လေသန့်စင်၍ ဥယျာဉ်တောတန်း စိတ်ရွှင်လန်း၏ ။**

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR)၏ မြန်မာနိုင်ငံဆိုင်ရာ ကိုယ်စားလှယ် Ms.Noriko Takagi အား လက်ခံတွေ့ဆုံ



**မန္တလေး စက်တင်ဘာ ၃၀**

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်သည် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး(UNHCR)၏ မြန်မာနိုင်ငံဆိုင်ရာ ကိုယ်စားလှယ် Ms.Noriko Takagi အား ယနေ့မွန်းလွဲပိုင်းတွင် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံခဲ့သည်။

ထိုသို့တွေ့ဆုံရာတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်က မန္တလေးငလျင်ကြီးအလွန်ကာလ ပြန်လည်တည်ဆောက်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်နေမှုများကိုလည်းကောင်း၊ ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး(UNHCR)၏ မြန်မာနိုင်ငံဆိုင်ရာ ကိုယ်စားလှယ် Ms.Noriko Takagi က မြန်မာနိုင်ငံတွင် ဆောင်ရွက်လျက်ရှိသော UNHCR ၏ လုပ်ငန်းများဆောင်ရွက်နေမှု၊ ငလျင်ဘေးသင့်သူများအတွက် UNHCR မှ ကူညီထောက်ပံ့ပေးနေမှုဆိုင်ရာ ကိစ္စရပ်များကိုလည်းကောင်း ရင်းနှီးစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့်တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် မန္တလေးတက္ကသိုလ် ရာပြည့်ပွဲတော်ဖွင့်ပွဲအခမ်းအနားအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှုကို လိုက်လံကြည့်ရှုစစ်ဆေး






**မန္တလေး စက်တင်ဘာ ၃၀**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့နံနက်ပိုင်းက မဟာအောင်မြေမြို့နယ်ရှိ မန္တလေးတက္ကသိုလ်သို့ ရောက်ရှိပြီး အောက်တိုဘာ ၄ ရက်တွင် ကျင်းပမည့် မန္တလေးတက္ကသိုလ် ရာပြည့်သဘင်ပွဲတော် ဖွင့်ပွဲအခမ်းအနားအတွက် ကြိုတင်ပြင်ဆင်နေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့သည်။

ထိုသို့ ကြည့်ရှုစစ်ဆေးစဉ် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့အား တာဝန်ရှိသူများက ဖွင့်ပွဲအခမ်းအနားအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှု၊ မန္တလေးငလျင်ကြီးကြောင့် ငလျင်ဒဏ်နှင့်အတူ မီးလောင်ပျက်စီးခဲ့သည့် ပင်မဆောင်အဆောက်အအုံနှင့် ထိခိုက်ပျက်စီးခဲ့သည့် ဘွဲ့နှင်းသဘင်ခန်းမအဆောက်အအုံတို့ကို ပြန်လည်ပြုပြင်တည်ဆောက်ခြင်း၊ မွမ်းမံပြင်ဆင်ခြင်း လုပ်ငန်းများ ပြီးစီးမှု၊ မြေယာရှုခင်းဆောင်ရွက်နေမှု အခြေအနေများ၊ ရာပြည့်သဘင်ကို စည်ကားသိုက်မြိုက်စွာဖြင့် အောင်မြင်စွာ ကျင်းပနိုင်ရေး လုပ်ငန်းစဉ်(၂၅)ချက်အပေါ် ဆောင်ရွက်နေမှု အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က လုပ်ငန်းဆောင်ရွက်မှုများ အချိန်မီပြီးစီးရေး၊ အခမ်းအနားမစတင်မီ အချိန်ကာလမှစ၍ ပြီးဆုံးသည်အထိ လုံခြုံရေးအသိ၊ လုံခြုံရေးသတိဖြင့် ကဏ္ဍများအလိုက် ဆောင်ရွက်ကြရမည့်လုပ်ငန်းများ လစ်ဟင်းမှုမရှိစေရေး စနစ်တကျ ကြပ်မတ်ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ လိုအပ်သည်များရှိပါက အချိန်နှင့်တစ်ပြေးညီ ဖြည့်ဆည်းဆောင်ရွက်ပေးနေပါကြောင်း ပြောကြားကာ လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

(အပေါ်ပုံ)

မန္တလေးတက္ကသိုလ် ရာပြည့်သဘင်ကို နိုင်ငံ့ဂုဏ်ဆောင် တက္ကသိုလ်အဖြစ် ဆက်လက်ထိန်းသိမ်းမြှင့်တင်ရန်၊ နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးတို့ကို အထောက်အကူပြုစေမည့်ပညာရပ်များ ဆက်လက်မြှင့်တင်ဖြည့်ဆည်းပေးရန်၊ ပညာအခြေပြု လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ဗလငါးတန်နှင့်ပြည့်စုံသည့် ဘွဲ့ကြို၊ ဘွဲ့လွန်လူငယ်များ၏ တီထွင်ဖန်တီးမှုစွမ်းရည်များပြသရန်၊ တက္ကသိုလ်၏ ရွှေနှစ် ၁၀၀ မျှော်မှန်းချက်ချမှတ်ရန် စသည့် ရည်ရွယ်ချက်များဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

၀-၀-၀-၀-၀

၀-၀-၀





# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စည်ပင်သာယာရေးဝန်ကြီး မန္တလေးမြို့တော်ဝန် ဦးကျော်ဆန်း အဓိကလမ်းမကြီးများ စိမ်းလန်းစိုပြည်သာယာလှပရေးလုပ်ငန်းများ ဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

**မန္တလေး စက်တင်ဘာ ၃၀**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ စည်ပင်သာယာရေးဝန်ကြီး မန္တလေးမြို့တော်ဝန် ဦးကျော်ဆန်းသည် တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမင်းအောင်မြင့်စိုးနှင့် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့ နံနက်ပိုင်းက ပြင်ဦးလွင်မြို့သို့ သွားရောက်ကာ ပြင်ဦးလွင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ မြို့တော်စိမ်းလန်းစိုပြည်သာယာလှပရေးအတွက် ဆောင်ရွက်လျက်ရှိသော မြို့အဝင်လမ်းမကြီး ဝဲ၊ ယာနှင့် လမ်းလယ်ကျွန်းများ၊ မြို့တွင်းအဓိကလမ်းမကြီးများ၏ ဝဲ၊ ယာတို့တွင် ရောင်စုံပန်းအလှပင်များ စိုက်ပျိုးပြီးစီးမှု၊ အပင်ကြီးများ၏ လမ်းပေါ်အုပ်မိုးကျနေသည့် သစ်ကိုင်းများအား အလင်းဖွင့် ရှင်းလင်းဆောင်ရွက်ပြီးစီးမှုနှင့် သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေတို့ကို လှည့်လည်ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

ရှေးဦးစွာ မြို့တော်ဝန်နှင့် အဖွဲ့သည်(မန္တလေး-ပြင်ဦးလွင်) လမ်းမကြီး၊ (အနီးစခန်း)လေဆိပ်ဇရီယာရှေ့လမ်းပိုင်းတစ်လျှောက် လမ်းလယ်ကျွန်း၌ မြေယာရှုခင်းအလှ(Ground Cover) ရောင်စုံပန်းအလှပင်များ စိုက်ပျိုးပြီးစီးမှုကို ကြည့်ရှုစစ်ဆေးရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်ခိုင်က ဆောင်ရွက်ပြီးစီးမှု၊ မြို့အဝင်နှင့် မြို့တွင်းလမ်းမများ၌ စိမ်းလန်းစိုပြည်သာယာလှပရေးလုပ်ငန်းများဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မြို့တော်ဝန်နှင့်အဖွဲ့သည် (မန္တလေး-ပြင်ဦးလွင်)လမ်း၊ ရပ်ကွက်ကြီး(၉) (နန္ဒဝန်)အနီး လမ်းမကြီး ဝဲ၊ ယာ၌ ရောင်စုံပန်းအလှစိုက်ခင်းများ စိုက်ပျိုးပြီးစီးနေမှုကိုလည်းကောင်း၊ ပြင်ဦးလွင်မြို့အဝင် ကျောက်တောင်ဂိတ်၊ မြို့ဦးစေတီအနီး စန္ဒာလမ်းဆုံရှိ ပန်းခြံနှင့် စန္ဒာလမ်းတစ်လျှောက် လမ်းဘေးဝဲ၊ ယာ ရောင်စုံပန်းအလှစိုက်ခင်းများနှင့် ပလက်ဖောင်းများ တစ်လျှောက် ယာဉ်စည်းကမ်းလိုက်နာရေး (ဖြူ၊ နီကျား၊ ဝါ၊ နက်ကျား)ဆေးလိုင်းများ ရေးဆွဲပြီးစီးမှု၊ အစိုးရဧည့်ဂေဟာလမ်းတစ်လျှောက် ရောင်စုံပန်းခင်းအလှပုံသွင်းစိုက်ပျိုးပြီးစီးမှု အခြေအနေများကိုလည်းကောင်း လှည့်လည်ကြည့်ရှုခဲ့ပြီး မြို့တော်ဝန်က မြို့တွင်းလမ်းမများနှင့် ဖြတ်လမ်းများ ဆုံရာနေရာလွတ်များ၌ ရောင်စုံပန်းအလှပင်များကို ယခုထက်တိုးမြှင့်ထပ်မံဖြည့်စွက်စိုက်ပျိုးပေးရန်၊ ပန်းခင်းများကို ဒေသမျိုးရင်းရောင်စုံပန်းအလှပင်များဖြင့် အကန့်အလိုက် စိုက်ပျိုးပေးရန်တို့ကို မှာကြားခဲ့ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)



# စူဠာမုနိရုပ်ရှင်တော်မြတ်ကြီးတွင် LED BOAD တပ်ဆင်ရန်အတွက် အလှူငွေ လှူဒါန်း


**မန္တလေး စက်တင်ဘာ ၃၀**

မန္တလေး၊ အောင်မြေသာစံမြို့နယ် မဟာအတုလဝေယန် (အတုမရှိ)ကျောင်းတော် စူဠာမုနိရုပ်ရှင်တော်မြတ်ကြီးတွင် ယနေ့နံနက်ပိုင်းက အလှူရှင် မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ အောင်တော်မူရပ်နေ ဦးအောင်ဝင်းခိုင်+ဒေါ်ကြူကြူဝင်း (ဟုန်မိသားစု) သား၊ သမီး၊ မြေး မိသားစုတို့က LED BOAD တပ်ဆင်ရန်အတွက် အလှူငွေ ကျပ်သိန်း ၁၈၀ ကို ပေးအပ်လှူဒါန်းရာ မန္တလေးမြို့တော်ဝန် ဦးကျော်ဆန်း၊ တိုင်းဒေသကြီး ဥပဒေချုပ် ဦးမြင့်အောင်တို့နှင့် စူဠာမုနိဂေါပကအဖွဲ့က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-၃)







# ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာရေး အသိပညာပေးဆောင်ရွက်

**မတ္တရာ စက်တင်ဘာ ၃၀**

မန္တလေးတိုင်းဒေသကြီး၊ မတ္တရာမြို့တွင် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းစေရေးအတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးခြင်းနှင့် စစ်ဆေးခြင်းကို ယနေ့နံနက် ၈ နာရီမှစတင်၍ ဆောင်ရွက်ခဲ့သည်။

အဆိုပါ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း စစ်ဆေးအသိပညာပေးရာတွင် မတ္တရာမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမောင်လွင် ဦးစီးသော ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြို့နယ်မီးသတ်ဦးစီးဌာနမှ တာဝန်ရှိသူများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ ပူးပေါင်းပါဝင်သောအဖွဲ့သည် ဗိုလ်ချုပ်အောင်ဆန်းလမ်းမကြီးတစ်လျှောက်ရှိ လမ်းဆုံလမ်းခွများ၊ မြို့မဈေးအနီးရှိ လူစည်ကားသော နေရာများတွင် ယာဉ်နှင့် ယာဉ်မောင်းလိုင်စင်များကို စစ်ဆေးခြင်း၊ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး မော်တော်ဆိုင်ကယ်စီးနင်းရာတွင် လိုက်နာရမည့် အချက်များ၊ မော်တော်ယာဉ်မောင်းနှင်ရာတွင် လိုက်နာရမည့် အချက်များကို အသိပညာပေး ဟောပြောခဲ့ပြီး လိုက်နာဆောင်ရွက်ခြင်း မရှိသူများကို စစ်ဆေးအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်၊ ဆက်)

ပန်းမန်သစ်ပင် လေသန့်စင်၍
ဥယျာဉ်တောတန်း စိတ်ရွှင်လန်း၏။

# မြို့နယ်အချို့၌ မဲဆန္ဒရှင်စာရင်းများ ကပ်ထားကြေညာ

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် မဲဆန္ဒရှင်စာရင်းများကို စက်တင်ဘာ ၃၀ ရက်မှ အောက်တိုဘာ ၁၃ ရက်အထိ နိုင်ငံတစ်ဝန်းမြို့နယ်များရှိ သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများတွင် ထုတ်ပြန်ကြေညာထားရာ မဲဆန္ဒရှင်ပြည်သူများ လာရောက်ကြည့်ရှုလျက်ရှိသည်။


ပုဗ္ဗသီရိမြို့နယ်
နန်းရွှေရတီ (ပြန်/ဆက်)


နမ့်စန်မြို့နယ်
သူရအောင်(နမ့်စန်)


အမရပူရမြို့နယ်
စိုးသီဟ(အမရ)


ဝါးခယ်မမြို့နယ်
လွမ်းသီဟ (ပြန်/ဆက်)


ငါးသိုင်းချောင်းမြို့နယ်
ငါးသိုင်းချောင်း(ပြန်/ဆက်)


လက်ပံတန်းမြို့နယ်
မြို့နယ်(ပြန်/ဆက်)


ပခုက္ကူမြို့နယ်
ကယ်ရီမောင်


သရက်မြို့နယ်
ဇော်ထက်(သရက်)


ဘိုကလေးမြို့နယ်
မိုးစက်(ဘိုကလေး)


အိမ်မဲမြို့နယ်
ချစ်သက်လယ်(ပြန်/ဆက်)


ဓနုဖြူမြို့နယ်
အောင်ပြည့်ဖြိုးဇော်(ပြန်/ဆက်)


လှိုင်းဘွဲ့မြို့နယ်
စောဒီ(ပြန်/ဆက်)


မော်လမြိုင်မြို့နယ်
ခင်စန်းမြင့် (ပြန်/ဆက်)


မိုးညိုမြို့နယ်
ကိုမင်း(ပြန်/ဆက်)


မိတ္ထီလာမြို့နယ်
သိန်းမြင့်ကျော်(မိတ္ထီလာ)


တနိုင်းမြို့နယ်
မြို့နယ်(ပြန်/ဆက်)


ချမ်းမြသာစည်မြို့နယ်
ချမ်းမြေ့(ချမ်း/စည်)


ပျော်ဘွယ်မြို့နယ်
မင်းမင်းထွေး(ပျော်ဘွယ်)

# နိုင်ငံတကာ အားကစား သတင်းများ

## ဒါနီကာဗာရယ် ပေါင်ဒဏ်ရာကြောင့် ငါးပတ်ခန့် အနားယူရဖွယ်ရှိ

**မက်ဒရစ် စက်တင်ဘာ ၃၀**

ရီးရဲလ်မက်ဒရစ်အသင်း နောက်ခံကစားသမား ဒါနီကာဗာရယ် ပေါင်ဒဏ်ရာကြောင့် ငါးပတ်ခန့် အနားယူရဖွယ်ရှိနေသည်။

အဆိုပါ နောက်ခံကစားသမားသည် ရီးရဲလ်မက်ဒရစ်အသင်းက အက်သလက်တီကို



မက်ဒရစ်အသင်းအား ငါးဂိုး၊ နှစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည့်ပွဲစဉ်တွင် ဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။

နောက်ခံကစားသမား ဒါနီကာဗာရယ် ဒဏ်ရာပြဿနာနှင့် ရင်ဆိုင်ခဲ့ရခြင်းကြောင့် ရီးရဲလ်မက်ဒရစ်အသင်းအတွက် ထိုးနှက်ချက်တစ်ရပ်ဖြစ်လာခဲ့သည်။

အသက်(၃၃)နှစ်အရွယ်ရှိ နောက်ခံကစားသမား ဒါနီကာဗာရယ်သည် ရီးရဲလ်မက်ဒရစ်အသင်းနှင့်အတူ ၂၀၁၃-၂၀၁၄မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၄၃၅ပွဲကစားကာ ၁၄ ဂိုးအထိ သွင်းယူထားသည်။

(ဝဲပုံ) (NGB)

## မာ့ခ်ဘာနယ်လ် ဘာစီလိုနာအသင်းနှင့် သက်တမ်းတိုးစာချုပ် ချုပ်ဆို

**ဘာစီလိုနာ စက်တင်ဘာ ၃၀**

ဘာစီလိုနာအသင်းသည် အသင်း အကယ်ဒမီထွက် ကွင်းလယ်ခံစစ်ကစားသမား မာ့ခ်ဘာနယ်လ်အား ၂၀၂၉ ခုနှစ်အထိ သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အသက်(၁၈)နှစ်အရွယ်ရှိ ကွင်းလယ်ခံစစ်ကစားသမားသည် ယခုနှစ်ဘောလုံးရာသီတွင် ဘာစီလိုနာအသင်းကြီးနှင့်အတူ ပြိုင်ပွဲစုံ နှစ်ပွဲကစားပြီး ခြေစွမ်းပြထားသလို အနာဂတ်တွင် ထွန်းတောက်လာမည့် ကစားသမားတစ်ဦးအဖြစ် သတ်မှတ်ခြင်းခံထားရသောကြောင့် အသင်းက သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။

မာ့ခ်ဘာနယ်လ်က "ကျွန်တော် အသင်းနဲ့ သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ပါပြီ။ ဒီအသင်းနဲ့အတူ ပုံမှန်ပွဲထွက်ခွင့်ရရှိအောင် ကြိုးစားပြီး အနာဂတ်မှာ အောင်မြင်မှုများစွာ ရယူသွားမှာပါ"ဟု ပြောသည်။ (NGB)

## ဆာလီဘာ အာဆင်နယ်အသင်းနှင့် ၂၀၃၀ ပြည့်နှစ်အထိ သက်တမ်းတိုးစာချုပ် ချုပ်ဆို



**လန်ဒန် စက်တင်ဘာ ၃၀**

အာဆင်နယ်အသင်းသည် အသင်းနောက်ခံကစားသမား ဆာလီဘာအား ၂၀၃၀ခုနှစ်အထိ သက်တမ်းတိုး စာချုပ် ချုပ်ဆိုခဲ့သည်။ (အပေါ်ပုံ)

အဆိုပါ နောက်ခံကစားသမားကို လက်ရှိအချိန်တွင် ဥရောပကလပ်အသင်းများစွာက ခေါ်ယူရန် စိတ်ဝင်စားနေခြင်းကြောင့် အာဆင်နယ်အသင်းက အလျင်အမြန် သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။

နောက်ခံကစားသမား ဆာလီဘာသည် အာဆင်နယ်အသင်းနှင့်အတူ ၂၀၂၂-၂၀၂၃မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၄၀ပွဲကစားပြီး ၇ဂိုး သွင်းယူကာ ခြေစွမ်းပြထားသည်။

အာဆင်နယ်အသင်းထုတ်ပြန်ချက်တွင် "ဆာလီဘာအား သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ပါပြီ။ သူဟာအသင်းအတွက် ကစားသမားကောင်းတစ်ယောက်ပါ"ဟု ထုတ်ပြန်သည်။ (NGB)



## အင်္ဂလိပ်ကာရာဘောင်း လိဂ်ဖလား ချန်ပီယံဆုအား ဆွတ်ခူးရန် လီဗာပူးအသင်း ရေပန်းစား

**လန်ဒန် စက်တင်ဘာ ၃၀**

၂၀၂၅-၂၀၂၆ ဘောလုံးရာသီ အင်္ဂလိပ်ကာရာဘောင်းလိဂ်ဖလား ချန်ပီယံဆုအား ဆွတ်ခူးရန် လီဗာပူးအသင်းက ရေပန်းအစားဆုံး ဖြစ်နေသည်။

၂၀၂၅-၂၀၂၆ ဘောလုံးရာသီ အင်္ဂလိပ်ကာရာဘောင်းလိဂ်ဖလား စတုတ္ထအဆင့်တွင် အသင်း (၁၆) သင်း ယှဉ်ပြိုင်သွားမည်ဖြစ်ပြီး ပရီးမီးယားလိဂ် ၁၁သင်း၊ လိဂ်ချန်ပီယံရှစ် နှစ်သင်း၊ League One နှစ်သင်း၊ League Two တစ်သင်းတို့ ပါဝင်ယှဉ်ပြိုင်သွားမည် ဖြစ်သည်။

လီဗာပူးအသင်းသည် အင်္ဂလိပ်ကာရာဘောင်းလိဂ်ဖလား စတုတ္ထအဆင့်တွင် ခရစ္စတယ်ပဲလေ့စ်အသင်းနှင့် တွေ့ဆုံလျက်ရှိသည်။

အင်္ဂလိပ်ကာရာဘောင်း လိဂ်ဖလား စတုတ္ထအဆင့်ပွဲစဉ်များကို လာမည့် အောက်တိုဘာ ၂၈ ရက်တွင် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ရာ လီဗာပူးအသင်းအနေဖြင့် လက်ရှိရေပန်းစားနေသည့်အတိုင်း ချန်ပီယံဆုအား ရယူသွားနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။ (အပေါ်ပုံ) (NGB)

## ဗလာဟိုဗစ် အသင်းတွင် ဆက်ရှိသွားမည်ဟု ချီလီနီအတည်ပြု

**တူရင် စက်တင်ဘာ ၃၀**

ဂျူဗင်တပ်အသင်း၏ ဒါရိုက်တာတစ်ဦးဖြစ်သည့် ချီလီနီက တိုက်စစ်မှူး ဗလာဟိုဗစ် အသင်းမှ ထွက်ခွာမည်ဆိုသော သတင်းများသည် ကောလာဟလသတင်းများသာဖြစ်ကြောင်း၊ အသင်းတွင်သာ ဆက်ရှိသွားမည်ဟု အတည်ပြု ပြောကြားခဲ့သည်။

အဆိုပါ တိုက်စစ်မှူးကို လက်ရှိအချိန်တွင် ဥရောပကလပ်အသင်းများစွာက ခေါ်ယူရန် စိတ်ဝင်စားနေသော်လည်း ၎င်းက အသင်းတွင်သာ ဆက်ရှိသွားမည်ဖြစ်သည်။ (အောက်ပုံ)

တိုက်စစ်မှူး ဗလာဟိုဗစ်သည် ဂျူဗင်တပ်အသင်းနှင့်အတူ ၂၀၂၁-၂၀၂၂ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၅၁ ပွဲကစားကာ ၆၂ဂိုး သွင်းယူပြီး ခြေစွမ်းပြထားသည်။

ချီလီနီက "ဗလာဟိုဗစ် အသင်းမှာ ဆက်ရှိသွားမှာပါ။ အခုထွက်နေတဲ့သတင်းတွေကလည်း ကောလာဟလတွေပါ"ဟု ပြောသည်။ (NGB)



## ဘရန့်ဝိတ်၏ ပြောင်းရွှေ့ကြေးအား စတာလင်ပေါင် ၆၅သန်းအဖြစ် အဲဗာတန်အသင်း သတ်မှတ်

**လန်ဒန် စက်တင်ဘာ ၃၀**

အဲဗာတန်အသင်းသည် အသင်းနောက်ခံကစားသမား ဘရန့်ဝိတ်၏ ပြောင်းရွှေ့ကြေးအား စတာလင်ပေါင် ၆၅သန်းအဖြစ် သတ်မှတ်လိုက်ပြီဖြစ်သည်။

အသက်(၂၃)နှစ်အရွယ်ရှိ နောက်ခံကစားသမားကို လက်ရှိအချိန်တွင် မန်ယူအသင်းက ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။

နောက်ခံကစားသမား ဘရန့်ဝိတ်သည် အဲဗာတန်အသင်းနှင့်အတူ ၂၀၁၉-၂၀၂၀ မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၈၆ ပွဲကစားပြီး လေးဂိုးသွင်းယူကာ ခြေစွမ်းပြထားသည်။

အဲဗာတန်အသင်းကလည်း ဘရန့်ဝိတ်အတွက် ၎င်းတို့သတ်မှတ်ထားသည့် ပြောင်းရွှေ့ကြေးအတိုင်း ပေးချေမည့် မည်သည့်အသင်းကိုမဆို ရောင်းချသွားမည်ဖြစ်သည်။

ထို့ကြောင့် မန်ယူအသင်းအနေဖြင့် အဲဗာတန်အသင်း သတ်မှတ်ထားသည့် ပြောင်းရွှေ့ကြေးအတိုင်း ဘရန့်ဝိတ်အား ခေါ်ယူနိုင်မည်လားဆိုသည်မှာ စောင့်ကြည့်ရမည်ဖြစ်သည်။

(အောက်ပုံ) (NGB)



## 2025 China Open တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်သို့ Daniil Medvedev တက်ရောက်

**ပေကျင်း စက်တင်ဘာ ၃၀**

တရုတ်နိုင်ငံတွင် ကျင်းပပြုလုပ်လျက်ရှိသော အမျိုးသားတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2025 China Open တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်သို့ ရုရှားတင်းနစ်ကစားသမား Daniil Medvedev တက်ရောက်ခဲ့သည်။ (အောက်ပုံ)

အဆိုပါ ရုရှားတင်းနစ်



ကစားသမား Daniil Medvedev သည် 2025 China Open တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်တွင် ဂျာမနီတင်းနစ်ကစားသမား Alexander Zverev အား ၆-၃၊ ၆-၃ဖြင့် အနိုင်ရရှိကာ ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။

2025 China Open တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်တွင် ရုရှားတင်းနစ်ကစားသမား Daniil Medvedev နှင့် အမေရိကန်တင်းနစ်ကစားသမား Learner Tien တို့ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

(NGB)

### အင်္ဂလိပ် ချန်ပီယံရှစ် ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၈) ဇယား နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံးငါးပွဲ ရလဒ်) | | ယမန်နှစ်ရလဒ် | အိမ်/ဧည့်ရလဒ် | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး |
|---|---|---|---|---|---|---|---|---|---|---|
| ၂-၁၀-၂၀၂၅ | (၁၀)မီဒယ်လ် – ကိုဗင်ထရီ(၂) | | မီဒယ်လ် ၀-၁ ကိုဗင်ထရီ | မီဒယ်လ်(အိမ်) | ၃ | ၁ | – | ၂ | ၁ | ၅ |
| နံနက်၀၁း၁၅နာရီ | (W,L,D,W,D) | (W,D,D,D,W) | ကိုဗင်ထရီ ၀-၀ မီဒယ်လ် | ကိုဗင်ထရီ(ဧည့်) | ၃ | ၁ | ၂ | – | ၇ | ၅ |
| " | (၁၄)နော့စ်ဖို့ – ဝက်စ်ဘရွန်း(၈) | | နော့စ်ဖို့ ၁-၀ ဝက်စ်ဘရွန်း | နော့စ်ဖို့(အိမ်) | ၃ | – | – | ၃ | ၄ | ၇ |
| | (L,W,D,L,D) | (D,W,L,L,D) | ဝက်စ်ဘရွန်း ၂-၂ နော့စ်ဖို့ | ဝက်စ်ဘရွန်း(ဧည့်) | ၃ | ၂ | – | ၁ | ၅ | ၄ |
| " | (၁၇)ပို့စ်မောက် – ဝက်စ်ဖို့ဒ်(၁၆) | | ပို့စ်မောက် ၁-၀ ဝက်စ်ဖို့ဒ် | ပို့စ်မောက်(အိမ်) | ၃ | ၁ | – | ၂ | ၂ | ၄ |
| | (D,W,D,L,L) | (D,D,L,L,W) | ဝက်စ်ဖို့ဒ် ၂-၁ ပို့စ်မောက် | ဝက်စ်ဖို့ဒ်(ဧည့်) | ၃ | – | ၁ | ၂ | ၁ | ၃ |
| ၂-၁၀-၂၀၂၅ | (၉)QPR – အောက်စ်ဖို့ဒ်(၂၂) | | QPR ၂-၀ အောက်စ်ဖို့ဒ် | QPR(အိမ်) | ၃ | ၂ | ၁ | – | ၅ | ၂ |
| နံနက်၀၁း၃၀နာရီ | (L,W,W,W,D) | (L,D,D,W,L) | အောက်စ်ဖို့ဒ် ၁-၃ QPR | အောက်စ်ဖို့ဒ်(ဧည့်) | ၃ | ၁ | – | ၂ | ၅ | ၅ |

### ဥရောပ ချန်ပီယံလိဂ်ဘောလုံးပြိုင်ပွဲ(အမှတ်ပေး လိဂ်အဆင့်)(ပွဲစဉ်-၂)ဇယား နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ်/(ပြည်တွင်းအမှတ်ပေးပွဲအဆင့်) | | နောက်ဆုံးတွေ့ဆုံမှုရလဒ် |
|---|---|---|---|---|
| ၁-၁၀-၂၀၂၅ | ည၁၁း၁၅နာရီ | (၁၀)ကာရာဘတ် – ကိုပင်ဟေဂင်(၂၀) | | ကာရာဘတ် ၁-၀ ကိုပင်ဟေဂင် |
| ဗုဒ္ဓဟူးနေ့ | | (အဇာဘိုင်ဂျန်-၅) | (ဒိန်းမတ်-၂) | ကိုပင်ဟေဂင် ၂-၁ ကာရာဘတ် |
| " | " | (၅)ဖွိုင်ရယ်ယူနီယံ – နယူးကာဆယ်(၂၆) | | – |
| | | (ဘယ်လ်ဂျီယံ-၁) | (အင်္ဂလန်-၁၅) | |
| ၂-၁၀-၂၀၂၅ | နံနက်၀၁း၃၀နာရီ | (၇)အာဆင်နယ် – အိုလံပီယာကို့စ်(၂၂) | | အာဆင်နယ် ၀-၁ အိုလံပီယာကို့စ် |
| ကြာသပတေးနေ့ | | (အင်္ဂလန်-၂) | (ဂရိ-၁) | အိုလံပီယာကို့စ် ၁-၃ အာဆင်နယ် |
| " | " | (၁၂)ဘာစီလိုနာ – PSG(၂) | | ဘာစီလိုနာ ၁-၄ PSG |
| | | (စပိန်-၁) | (ပြင်သစ်-၁) | PSG ၂-၃ ဘာစီလိုနာ |
| " | " | (၁၇)လေဗာကူဆင် – PSV(၂၉) | | လေဗာကူဆင် ၅-၄ PSV |
| | | (ဂျာမနီ-၆) | (နယ်သာလန်-၂) | PSV ၀-၀ လေဗာကူဆင် |
| " | " | (၁၅)ဒေါ့မွန် – ဘီလ်ဘာအို(၃၂) | | ဒေါ့မွန် ၀-၂ ဘီလ်ဘာအို |
| | | (ဂျာမနီ-၂) | (စပိန်-၁၀) | (၂၄-၇-၂၀၂၃ခြေစမ်းပွဲ) |
| " | " | (၃၃)မိုနာကို – မန်စီးတီး(၉) | | မိုနာကို ၃-၁ မန်စီးတီး |
| | | (ပြင်သစ်-၄) | (အင်္ဂလန်-၇) | မန်စီးတီး ၅-၃ မိုနာကို |
| " | " | (၃၀)နာပိုလီ – စပို့တင်းလစ္စဘွန်း(၄) | | နာပိုလီ ၁-၀ စပို့တင်းလစ္စဘွန်း |
| | | (အီတလီ-၂) | (ပေါ်တူဂီ-၁) | စပို့တင်းလစ္စဘွန်း ၀-၀ နာပိုလီ |
| " | " | (၂၅)ဗီလာရီးရဲလ် – ဂျူဗင်တပ်(၁၆) | | ဗီလာရီးရဲလ် ၁-၁ ဂျူဗင်တပ် |
| | | (စပိန်-၃) | (အီတလီ-၄) | ဂျူဗင်တပ် ၀-၃ ဗီလာရီးရဲလ် |

မှတ်ချက်။ ()အတွင်းမှ ရလဒ်များသည် ပြိုင်ပွဲဝင်(၃၆)သင်း၏ ချန်ပီယံလိဂ် အမှတ်ပေး လိဂ်အဆင့်များ ဖြစ်သည်။



# လွန်ခဲ့သော နှစ် ၁၀၀ ကျော်က ရှိခဲ့သည့် မန္တလေးနှင့် ပြင်ဦးလွင်မှ အဆောက်အအုံ ၆၄ ခုကို ရှေးဟောင်းဇယားဝင်အဆောက်အအုံများအဖြစ် သတ်မှတ်

**မန္တလေး စက်တင်ဘာ ၃၀**

မန္တလေးနှင့် ပြင်ဦးလွင်မြို့နယ်ရှိ လွန်ခဲ့သော နှစ် ၁၀၀ ကျော်က ရှိခဲ့သည့် အဆောက်အအုံ ၆၄ ခုကို ရှေးဟောင်းဇယားဝင် အဆောက်အအုံများအဖြစ် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက သတ်မှတ်လိုက်ကြောင်း ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန(မန္တလေးဌာနခွဲ)မှ တာဝန်ရှိသူက ပြောသည်။

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနသည် ရှေးဟောင်းအဆောက်အအုံများ ကာကွယ်ထိန်းသိမ်းရေး ဥပဒေ၊ ပုဒ်မ ၃၄၊ ပုဒ်ခွဲ(ခ)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ မန္တလေးမြို့မှ အဆောက်အအုံ ၃၃ ခုနှင့် ပြင်ဦးလွင်မှ အဆောက်အအုံ ၃၁ ခုကို ရှေးဟောင်းအဆောက်အအုံများအဖြစ် ယခုနှစ်တွင် ထပ်တိုးသတ်မှတ်ခဲ့သည်။

"နှစ် ၁၀၀ ပြည့်တိုင်း ရှေးဟောင်းဇယားဝင် အဆောက်အအုံလို့ သတ်မှတ်တာ မဟုတ်ပါဘူး။ ဥပဒေသတ်မှတ်ချက်အရ အဲဒီအဆောက်အအုံသည် သမိုင်းတန်ဖိုးအရ ဘယ်လောက်ထိ ထင်ရှားမှုရှိသလဲ။ အနုပညာလက်ရာတန်ဖိုးဘယ်လောက် မြင့်မားသလဲ။ ရှေးဟောင်းဗိသုကာလက်ရာ ဘယ်လောက်ကြွင်းကျန်မှုရှိသလဲ စတဲ့ စံသတ်မှတ်ချက်တွေ ပြည့်စုံဖို့လိုပါတယ်။အဲ့ဒီ ပြည့်စုံတဲ့ အဆောက်အအုံတွေကို ကျွမ်းကျင်ပညာရှင်များနဲ့ စစ်ဆေးပြီးမှ သတ်မှတ်တာဖြစ်ပါတယ်" ဟု ၎င်းက ပြောသည်။

ယခုသတ်မှတ်ထုတ်ပြန်သည့် ရှေးဟောင်းဇယားဝင်အဆောက်အအုံများမှာ မန္တလေးတွင် ချမ်းမြသာစည်မြို့နယ်မှ ၅ ခု၊ ချမ်းအေးသာစံမြို့နယ်မှ ၇ ခု၊ပြည်ကြီးတံခွန်မြို့နယ်မှ ၄ ခု၊ မဟာအောင်မြေမြို့နယ်မှ ၄ ခု၊ အောင်မြေသာစံမြို့နယ်မှ ၁၁ ခုနှင့် ပုသိမ်ကြီးမြို့နယ်မှ ၂ ခု၊ စုစုပေါင်း ၃၃ ခုနှင့် ပြင်ဦးလွင်မြို့နယ်မှ ၃၁ ခုဖြစ်သည်။

"ပြင်ဦးလွင်မှာက ပြင်ဦးလွင်မြို့ဖြစ်တည်လာမှုနဲ့အတူ ကိုလိုနီခေတ် အဆောက်အအုံတွေ ရှိတယ်။ အရင်က စာရင်းပြုစုထားတဲ့ ကိုလိုနီခေတ်အဆောက်အအုံတွေထဲကမှ ဥပဒေအရ ထိန်းသိမ်းစောင့်ရှောက်သင့်တဲ့ ရှေးဟောင်းဇယားဝင်သတ်မှတ်နိုင်ဖို့ မြေပြင်ကွင်းဆင်းပြီး စာရင်းကောက်ယူတယ်။ တွေ့ရှိချက်တွေကို ရုံးချုပ်ကို တင်ပြတယ်။ ပညာရှင်အဖွဲ့က ဥပဒေပါ စံသတ်မှတ်ချက်တွေနဲ့ ညီညွတ်လို့ သတ်မှတ်လိုက်တဲ့ ရှေးဟောင်းဇယားဝင်အဆောက်အအုံတွေထဲမှာ ပုဂ္ဂလိကအဆောက်အအုံတွေလည်းပါတယ်"ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ရှေးဟောင်းဇယားဝင် အဆောက်အအုံများတွင် ပုဂ္ဂလိကပိုင်အဆောက်အအုံများ၊ ဘာသာရေးဆိုင်ရာ အဆောက်အအုံများ၊ ဟိုတယ် ခရီးပိုင်နှင့် နိုင်ငံပိုင် အဆောက်အအုံများဟူ၍ ရှိကြောင်း၊ ပုဂ္ဂလိကပိုင်အဆောက်အအုံများမှ ရှေးဟောင်းဇယားဝင်အဖြစ် သတ်မှတ်ခြင်းခံရပါက ထိန်းသိမ်းစောင့်ရှောက်မှုလုပ်ငန်းများတွင် နိုင်ငံတော်၏ ပံ့ပိုးမှုများ ရရှိနိုင်ကြောင်း သိရသည်။

**(အပေါ်ပုံ)**

**(မန္တလေးနေ့စဉ်-၉)**

# အလည်ရွာကျေးရွာတွင် စားသုံးသူကာကွယ်ရေးဟောပြောပွဲကျင်းပ

**မိတ္ထီလာ စက်တင်ဘာ ၃၀**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်တွင် စားသုံးသူဘေးအန္တရာယ်ကင်းရှင်းစေရေးနှင့် စားသုံးသူကာကွယ်ရေး အသိပညာပေးဟောပြောဆွေးနွေးပွဲကို ယမန်နေ့ နံနက်ပိုင်းက အလည်ရွာ၊ အခြေခံပညာအထက်တန်းကျောင်းတွင် ပြုလုပ်ခဲ့သည်။

ဟောပြောပွဲတွင် စားသုံးသူရေးရာဦးစီးဌာန၊ မိတ္ထီလာခရိုင်ဦးစီးမှူးရုံးမှ ဒုတိယဦးစီးမှူး ဦးစန်းအောင်က လက်ရှိဆောင်ရွက်နေသော စားသုံးသူကာကွယ်ရေး အသိပညာပေး ဟောပြောပွဲများဆောင်ရွက်ခြင်းနှင့် စားသုံးသူဘေးအန္တရာယ် ကင်းရှင်းရေး၊ ထုတ်ကုန်လုံခြုံစိတ်ချရမှုရှိစေရေးအတွက် ဈေးကွက်စောင့်ကြည့်စစ်ဆေးခြင်းလုပ်ငန်းများနှင့် နစ်နာဆုံးရှုံးမှုများ ညှိနှိုင်းဖြေရှင်းမှုများ ဆောင်ရွက်လျက်ရှိကြောင်း၊ ၂၀၁၉ စားသုံးသူကာကွယ်ရေး ဥပဒေအရ စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် စားသုံးသူပြည်သူများ နေ့စဉ်ဝယ်ယူသုံးစွဲနေသော ကုန်စည်များနှင့် ပတ်သက်သော သတင်းအချက်အလက်များကို ရိုးရှင်းမှန်ကန်စွာဖော်ပြရန် တာဝန်ရှိကြောင်း လုပ်ငန်းရှင်များအနေဖြင့် ထုတ်လုပ်သောကုန်စည်များပေါ်တွင် ဥပဒေပါကုန်အညွှန်း အမှတ်အသားများနှင့် စပ်လျဉ်း၍ လိုက်နာရမည့်အချက်များအား လိုက်နာခြင်းမရှိပါက အရေးယူဆောင်ရွက်နိုင်သည့် ပြစ်မှုပြစ်ဒဏ်များကိုလည်းကောင်း၊ မိမိထုတ်ကုန်များကို ကုန်အညွှန်းအမှတ်အသားဖော်ပြရာတွင် အခက်အခဲရှိပါက ဌာနသို့ မေးမြန်းနိုင်ကြောင်း၊ လုပ်ငန်းရှင်များအနေဖြင့်လည်း အခြားကုန်စည်ကို ဝယ်ယူသုံးစွဲရာတွင် မိမိတို့ကိုယ် တိုင်စားသုံးသူများဖြစ်သည့်အတွက် စားသုံးသူ အခွင့်အရေး နစ်နာဆုံးရှုံးမှုများရှိလာပါက တိုင်းဒေသကြီး၊ ပြည်နယ်နှင့် ခရိုင်ရုံးများတွင် ဖွင့်လှစ်ထားသော စားသုံးသူသတင်းပြန်ကြားရေးနှင့် တိုင်ကြားမှု လက်ခံဆောင်ရွက်ရေးစင်တာ (CICC)ရုံးများတွင် တိုင်ကြားနိုင်ကြောင်း၊ DOCA Myanmar Application နှင့် စားသုံးသူရေးရာဦးစီးဌာန၏ We-bsite တွင် ဝင်ရောက်တိုင်ကြားနိုင်ကြောင်း၊ Consumer Cell Center နံပါတ် (၁၅၃၅) သို့လည်း ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ကြောင်း ဆွေးနွေးခဲ့ပြီး ဆရာ၊ ဆရာမ၊ ကျောင်းသား၊ ကျောင်းသူအား လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)**

**(၄၆၉)**

*-*-*-*-*-*-*



# (၂၇)ကြိမ်မြောက် အာစရိယပူဇော်ပွဲကျင်းပရေး ညှိနှိုင်းစည်းဝေး

**မန္တလေး စက်တင်ဘာ ၃၀**

မန္တလေး၊ အ.ထ.က(၁၀) ကျောင်းသား၊ ကျောင်းသူဟောင်းများ၏(၂၇)ကြိမ်မြောက် အာစရိယပူဇော်ပွဲကျင်းပနိုင်ရေး ပထမအကြိမ်ညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာ ၂၉ ရက်၊ နံနက်ပိုင်းက အ.ထ.က(၁၀)စာကြည့်တိုက်တွင် ပြုလုပ်သည်။

အစည်းအဝေးသို့ ကော်မတီဥက္ကဋ္ဌ ဦးထွန်းဝေ၊ ဒုတိယဥက္ကဋ္ဌ ဦးအောင်မြင့်စိုး၊ အတွင်းရေးမှူး ဦးကျော်နိုင်မင်းနှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများ တက်ရောက်ကြသည်။

အစည်းအဝေးဆုံးဖြတ်ချက်အရ (၂၇)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ ၇ ရက် (တနင်္ဂနွေနေ့)တွင် အ.ထ.က (၁၀) ကျောင်းဝင်းအတွင်း၌ ပြုလုပ်မည်ဖြစ်ပြီး ကန်တော့ခံ အငြိမ်းစားဆရာကြီး၊ ဆရာမကြီး ၅၉ ဦးအား ပူဇော်ကန်တော့မည်ဖြစ်သည်။

ကျောင်းသား၊ ကျောင်းသူဟောင်းများအနေဖြင့် အလှူငွေများ ဆက်သွယ်လှူဒါန်းလိုပါက ဦးထွန်းဝေ (၀၉-၂၀၂၃၉၆၁)၊ ဦးအောင်မြင့်စိုး (၀၉-၄၂၆၈၀၃၂၃၄)၊ ဦးကျော်နိုင်မင်း(၀၉-၂၀၁၀၂၇၉)၊ ဦးမြင့်ဌေး (၀၉-၇၉၆၈၀၀၆၀၀ နှင့် ဦးဇော်ထွန်း (၀၉-၂၀၀၂၂၁၆)တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**(အောက်ပုံ)**

**(၀၉၃)**

*-*-*-*-*-*-*



# မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ မြို့နယ်အတွင်းရှိ တောင်သူများအတွက် မိုးရာသီစိုက်ပျိုးစရိတ် ထုတ်ချေးပေး

**မြစ်သား စက်တင်ဘာ ၃၀**

မန္တလေးတိုင်းဒေသကြီး၊ မြစ်သားမြို့နယ်တွင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ မြို့နယ်အတွင်းရှိ တောင်သူများအား ၂၀၂၅-၂၀၂၆ ခုနှစ်၊ မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများကို အတိုးနှုန်းငါးရာခိုင်နှုန်းဖြင့် သီးနှံပေါ်ချိန်တွင် ချေးငွေများပြန်လည်ပေးဆပ်ရန် စည်းကမ်းချက်နှင့်အညီ ထုတ်ချေးပေးခြင်းကို မေ ၁၅ ရက်မှစတင်၍ စက်တင်ဘာ ၂၆ ရက်အထိ အဆိုပါဘဏ်ခွဲ၌ တစ်မြို့နယ်လုံးအတွက် ထုတ်ချေးပေးခဲ့သည်။



ရှေးဦးစွာ မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးခြင်းနှင့်ပတ်သက်၍ မြစ်သားမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ မြို့နယ်မန်နေဂျာ ဒေါ်အေးမီမီခန့်က ယခင်နှစ် ချေးငွေကြွေးကျန်အားလုံးပြန်လည်ပေးဆပ်ပြီးသော တောင်သူများကိုသာ ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်းနှင့် စိုက်ပျိုးစရိတ်ချေးငွေယူမည့် တောင်သူများအနေဖြင့် ပုံစံ(၇)အမည်ပေါက်ရှိရမည်ဖြစ်ပြီး ကျေးရွာအလိုက် ဖွဲ့စည်းပေးထားသည့် မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေစိစစ်ရေးအဖွဲ့၏ ထောက်ခံချက်၊ အိမ်ထောင်စုစာရင်းနှင့် မှတ်ပုံတင်တို့ ပါရှိမှသာ ချေးယူခွင့်ရရှိမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၆၈အုပ်စုရှိ မိုးရာသီစိုက်ပျိုးမြေစုစုပေါင်း ၁၉၄၀၉ ဧက စိုက်ပျိုးရန်အတွက် စုစုပေါင်း ချေးငွေကျပ် ၂၇၉၉၉ သိန်းကို စိုက်ပျိုးစရိတ်ထုတ်ချေးပြီးဖြစ်ကြောင်း မြို့နယ်မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲ တာဝန်ရှိသူတစ်ဦးထံက သိရသည်။

**(ဝဲပုံ)**

**ဝါဝါမြင့်(မြစ်သား)**

*-*-*-*-*-*-*



## ကျောက်တော်ကြီးဘုရားပွဲတော်တွင် မန္တလေးမြို့နှင့် အနယ်နယ်အရပ်ရပ်ရှိ ဘုရားဖူးများဖြင့် စည်ကားလျက်ရှိ

**မန္တလေး စက်တင်ဘာ ၃၀**

မဟာလောကမာရဇိန်ကျောက်တော်ကြီးဘုရား ဗုဒ္ဓပူဇနီယပွဲတော်တွင် မန္တလေးမြို့နှင့် အနယ်နယ်အရပ်ရပ်ရှိ ဘုရားဖူးပြည်သူများဖြင့် စည်ကားများပြားလျက်ရှိသည်။

ဗုဒ္ဓပူဇနီယပွဲတော် ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၂၉ ရက်နေ့က ကျင်းပခဲ့ပြီး ဘုရားပွဲတော်အား အောက်တိုဘာ ၉ ရက်အထိ ဆယ်ရက်တိုင်ကျင်းပသွားမည်ဖြစ်သည်။

"ပွဲတော် ကျင်းပရာမှာ မကျင်းပမီ ခုနစ်ရက်၊ ကျင်းပပြီး ခုနစ်ရက် ကျင်းပပြုလုပ်တာဖြစ်ပါတယ်။ မြန်မာနိုင်ငံတစ်နိုင်ငံလုံးမှာရှိတဲ့ ဘုရားပွဲတော်တွေထဲမှာတော့ ရက်အရှည်ဆုံး ကျင်းပတဲ့ ပွဲတော်တစ်ခုဖြစ်ပါတယ်"ဟု မဟာလောကမာရဇိန်ကျောက်တော်ကြီး မြတ်စွာဘုရား၊ ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာသီရိသုဓမ္မဇောတဓရ ဒေါက်တာကျော်ဝင်းက ပြောသည်။ **(အပေါ်ပုံ)**

ဘုရားပွဲတော်တွင် မြန်မာ့ရိုးရာအစားအစာများ၊ ကလေးများ ဆော့ကစားနိုင်သော ကစားစရာများ ပါဝင်သည့်အပြင် ကျန်းမာရေးနှင့် ပတ်သက်၍ လိုအပ်ချက်ရှိပါက အရေးပေါ်ကုသမှုများ လုပ်ဆောင်နိုင်ရန်အတွက်လည်း စီစဉ်ထားရှိကြောင်း၊ ပွဲတော်လုံခြုံရေးပိုင်းဆိုင်ရာကိုလည်း သက်ဆိုင်ရာဖြင့် ပူးပေါင်းက စနစ်တကျ လုပ်ဆောင်ထားရှိသည်။

"မန္တလေးမြို့ရဲ့ နာမည်ကြီးဘုရားလည်းဖြစ်တယ်၊ ဘုရားထဲဝင်လိုက်တာနဲ့ ဘုရားကလည်း သပ္ပါယ်ပြီးတော့ စိတ်နှလုံးကိုလည်း အေးချမ်းစေတယ်၊ ပွဲတော်ကလည်း တော်တော်လေးစည်ကားပါတယ်။ ဒါကြောင့် အနယ်နယ်အရပ်ရပ်က ဘုရားဖူးဧည့်သည်တွေ လာရောက်ဖူးမြော်စေချင်ပါတယ်" ဟု ဘိတ်မြို့မှ ဘုရားဖူးလာရောက်သော ဧည့်သည်တစ်ဦးက ပြောသည်။

မင်းတုန်းမင်းကြီးသည် မဟာသကျမာရဇိန်ကျောက်တော်ကြီး မြတ်စွာဘုရားကို ၁၂၂၇ ခုနှစ်မှာ တည်ထားကိုးကွယ်ခဲ့ပြီး ယခုအခါ ဘုရားသက်တော်အဖြစ်နှစ်ပေါင်း ၁၆၀ ရှိပြီဖြစ်ကြောင်း၊ ယခုပြုလုပ်သည့် ဗုဒ္ဓပူဇနီယပွဲတော်မှာ ၁၃၇ ကြိမ်မြောက် ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်-ရ)**

## ဆေးရုံအခြေပြု ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်းလုပ်ငန်းဆိုင်ရာ ပြည်နယ်အဆင့် သင်တန်းဖွင့်ပွဲ အခမ်းအနား ကျင်းပ

**တောင်ကြီး စက်တင်ဘာ ၃၀**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးမြို့၊ သစ်တောရပ်ကွက်ရှိ ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနရုံး၌ စက်တင်ဘာလ ၂၉ ရက် နံနက် ၉ နာရီက ဆေးရုံအခြေပြုကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်း လုပ်ငန်းဆိုင်ရာပြည်နယ်အဆင့် သင်တန်းဖွင့်ပွဲ အခမ်းအနားကျင်းပသည်။

အခမ်းအနားတွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ပြည်နယ်လူမှုရေးရာဝန်ကြီး ဦးမင်းမင်းလွင်က အဖွင့်အမှာစကား ပြောကြားရာ ဆေးရုံများ၌ ကာကွယ်ဆေးထိုးနှံတိုက်ကျွေးမှု လုပ်ငန်းဆောင်ရွက်နေတဲ့ ကျန်းမာရေးဝန်ထမ်းအများစုဟာ လိုအပ်သော သင်တန်းများမရရှိသေးဘဲ ဆောင်ရွက်နေကြတာတွေ ရှိနေတဲ့အတွက် အဆိုပါဆေးရုံများမှ ကျန်းမာရေးဝန်ထမ်းများကို ကာကွယ်ဆေးထိုးလုပ်ငန်းနှင့် သက်ဆိုင်သော လုပ်ငန်းလမ်းညွှန် သင်တန်းများ ဆောင်ရွက်ဖို့လိုတဲ့အတွက် ဤသင်တန်းအား ဖွင့်လှစ်ခြင်းဖြစ်သည်။

ထို့နောက် ပြည်နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ဝင်းနိုင်က သင်တန်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

အဆိုပါ သင်တန်းကို ရှမ်းပြည်နယ် တောင်ပိုင်း၊ မြောက်ပိုင်းနှင့် ကယားပြည်နယ်တို့မှ သင်တန်းသား၊ သင်တန်းသူ ၁၀၄ ဦးတက်ရောက်ခဲ့ပြီး စက်တင်ဘာ ၃၀ ရက်ထိ ၂ ရက်ကြာ ဖွင့်လှစ်သင်ကြားခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)**

**(၃၆၈)**

၀-၀-၀-၀-၀
၀-၀-၀-၀
၀-၀-၀



## အပြည်ပြည်ဆိုင်ရာသက်ကြီးပုဂ္ဂိုလ်များနေ့ အထိမ်းအမှတ် သက်ကြီးဘိုးဘွားများအား ကျန်းမာရေးစောင့်ရှောက်မှုပေး

**စစ်ကိုင်း စက်တင်ဘာ ၃၀**

စစ်ကိုင်းမြို့တွင် ခရိုင်လူမှုဝန်ထမ်းဦးစီးဌာနနှင့် ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်း၍ အပြည်ပြည်ဆိုင်ရာသက်ကြီးပုဂ္ဂိုလ်များနေ့ အထိမ်းအမှတ် သက်ကြီးဘိုးဘွားများအား ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းကို စက်တင်ဘာ ၂၉ ရက် နံနက်ပိုင်းက စစ်ကိုင်းမြို့၊ ရှင်ချမ်းဘိုးဘွားရိပ်သာ၌ ပြုလုပ်ခဲ့သည်။

ရှင်ချမ်းဘိုးဘွားရိပ်သာရှိ အဘိုး၊ အဘွား ၈၀ ဦးအား ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများက သွေးပေါင်ချိန်ခြင်း၊ ဆီးချိုစစ်ဆေးခြင်း၊ လိုအပ်သည့်ကျန်မာရေးစစ်ဆေးခြင်းများ ဆောင်ရွက်ပေးခဲ့သည်။

ကျန်းမာရေးစောင့်ရှောက်မှုပေးနေခြင်းကို ခရိုင်လူမှုဝန်ထမ်းဦးစီးဌာန၊ ခရိုင်ဦးစီးမှူး ဒေါ်နွယ်နွယ်အောင်၊ ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါက်တာလင်းလင်းချစ်နှင့် အမျိုးသမီးရေးရာအဖွဲ့များ၊ မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့များမှ လိုအပ်သည်များ ဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်၍ ရွာထောင်ဘိုးဘွားရိပ်သာရှိ အဘိုး၊ အဘွား ၄၂ ဦးအားလည်း ကျန်းမာရေးစောင့်ရှောက်မှုပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**(အောက်ပုံ)**

**နေလင်းအောင်(ပြန်/ဆက်)**

၀-၀-၀-၀-၀



## ငလျင်ဒဏ်ခံစားခဲ့ရသည့် ပြည်သူများအတွက် ဆန်ရိက္ခာ တစ်လစာထောက်ပံ့ပေးအပ်

**သာစည် စက်တင်ဘာ ၃၀**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ သာစည်မြို့နယ်၌ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီက ငလျင်ဒဏ်ခံစားခဲ့ရသည့် ဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ပေးအပ်သော ဆန်ရိက္ခာတစ်လစာပေးအပ်ပွဲကို စက်တင်ဘာ ၂၉ ရက် နံနက် ၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ပြုလုပ်သည်။

ဦးစွာ မြို့နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးသက်ကျော်က ဆန်ရိက္ခာထောက်ပံ့ခြင်းနှင့် ပတ်သက်၍ အမှာစကားပြောကြားသည်။

ထို့နောက် မြို့နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌဦးမျိုးသက်ကျော်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဝင်များ၊ မြို့နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဝင်များက ငလျင်ဘေးသင့်ပြည်သူများအား ဆန်ရိက္ခာများ ထောက်ပံ့ပေးခဲ့သည်။

ဆန်ရိက္ခာများကို ရပ်ကွက်၊ ကျေးရွာ အုပ်စု ၄၃ စုရှိ ပြည်သူ ၁၉၄၀ ဦးတို့အား တစ်လစာ ထောက်ပံ့ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**(၄၈၇)**



## အဘိုး၊ အဘွားများအား ကျန်းမာရေးစောင့်ရှောက်ပေး

**မန္တလေး စက်တင်ဘာ ၃၀**

မန္တလေး၊ အောင်မြေသာစံမြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးဝန်ထမ်းများနှင့် မန္တလေးပြည်သူ့ဆေးရုံကြီးမှ ကျန်းမာရေးဝန်ထမ်းများ ပါဝင်သော ပူးပေါင်းဆေးအဖွဲ့သည် အပြည်ပြည်ဆိုင်ရာ သက်ကြီးပုဂ္ဂိုလ်များနေ့ အထိမ်းအမှတ်အဖြစ် မန်းတောင်ခြေဘိုးဘွားရိပ်သာမှ အဘိုး၊ အဘွားများအား ကျန်းမာရေးစောင့်ရှောက်ပေးခြင်းကို စက်တင်ဘာ ၂၉ ရက် နံနက်ပိုင်းက အဆိုပါဘိုးဘွားရိပ်သာတွင် ဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် ပြည်သူ့ဆေးရုံကြီးမှ တာဝန်ရှိသူများ၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသန့်ဇင်လင်းနှင့် သူနာပြုများက အဘိုး၊ အဘွား ၃၅ ဦးတို့အား ကျန်းမာရေးစောင့်ရှောက်ပေးခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

**(၀၉၃)**

သစ်တောသစ်ပင် ချစ်ခင်တဲ့လူမျိုး
သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး။

# INTERNATIONAL NEWS
# နိုင်ငံတကာသတင်းများ

## အမေရိကန်သမ္မတထရမ့်နှင့် အစ္စရေးဝန်ကြီးချုပ် နက်တန်ယာဟု ဂါဇာအတွက် ငြိမ်းချမ်းရေးအစီအစဉ်သစ်တစ်ရပ်ကို သဘောတူညီ

**ဝါရှင်တန် စက်တင်ဘာ ၃၀**

အမေရိကန်သမ္မတ ဒေါ်နယ်လ် ထရမ့်နှင့် အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နက်တန်ယာဟုတို့နှစ်ဦးသည် ဂါဇာအတွက် ငြိမ်းချမ်းရေးအစီအစဉ်သစ်တစ်ရပ်ကို ယမန်နေ့ကသဘောတူညီခဲ့ကြပြီး ဟားမတ်စ်အဖွဲ့ကို လက်ခံရန် သတိပေးလိုက်ကြောင်း သိရသည်။

အဆိုပါ အစီအစဉ်အရ လှုပ်ရှားမှုများကို ချက်ချင်းရပ်စဲရန်၊ ဖမ်းဆီးခံထားရသည့် အစ္စရေးလူမျိုး အသက်ရှင်လျက် ဓားစာခံ ၂၀ ဦး နှင့် သေဆုံးသွားသည်ဟု ယူဆရသော နှစ်ဒါဇင်ကျော် ဓားစာခံများ၏ ရုပ်အလောင်းများကို ၇၂ နာရီအတွင်း လွှဲပေးရန် ဟားမတ်စ်အဖွဲ့အား တောင်းဆိုထားသည့်အပြင် ထိုသို့ လဲလှယ်မှုအတွက် ထိန်းသိမ်းခံထားရသော ဂါဇာဒေသသား ရာပေါင်းများစွာကို ပြန်လွှတ်ပေးရန်လည်း အဆိုပြုထားသည်။

အဆိုပါအစီအစဉ်တွင် ဟားမတ်စ်အဖွဲ့အနေဖြင့် ဂါဇာကို အုပ်ချုပ်ရာ၌ မည်သည့်အခန်းကဏ္ဍမှ ပါဝင်ခွင့်မရှိစေရဟု တောင်းဆိုထားပြီး၊ နောက်ဆုံးတွင် ပါလက်စတိုင်းနိုင်ငံ ဖြစ်ပေါ်လာရေးအတွက် လမ်းပွင့်ပေးထားသည်။

အိမ်ဖြူတော်၌ ပြုလုပ်ခဲ့သည့် ဆွေးနွေးပွဲများအပြီး သတင်းစာရှင်းလင်းပွဲတွင် သမ္မတထရမ့်က ထိုအစီအစဉ်ကို "ငြိမ်းချမ်းရေးအတွက် သမိုင်းဝင်နေ့တစ်နေ့" အဖြစ် ပြောဆိုခဲ့သည်။



သို့ရာတွင် ဟားမတ်စ်အဖွဲ့က ထိုအစီအစဉ်ကို လက်မခံပါက ဟားမတ်စ်၏ ခြိမ်းခြောက်မှုကို ဖျက်ဆီးပစ်သည့် အလုပ်ကို အပြီးသတ်ရန် ဝန်ကြီးချုပ်နေတန်ယာဟုဖက်၌ အမေရိကန်က အပြည့်အဝ ကျောထောက်နောက်ခံပြုပေးမည်ဖြစ်ကြောင်း သိရသည်။

**Mon**

၀-၀-၀-၀-၀

## ကမ္ဘာကျော်ဖက်ရှင်ဒီဇိုင်နာ ဂျော်ဂျီယို အာရ်မာနီ မကွယ်လွန်မီ နောက်ဆုံးဖန်တီးခဲ့သော ဖက်ရှင်ဝတ်စုံစုစည်းမှု ပြပွဲ ပြသ



**ရောမ စက်တင်ဘာ ၃၀**

ကမ္ဘာကျော်ဖက်ရှင်ဒီဇိုင်နာ ဂျော်ဂျီယို အာရ်မာနီ မကွယ်လွန်မီ နောက်ဆုံး ဖန်တီးခဲ့သော ၂၀၂၆ ခုနှစ် နွေရာသီ ဖက်ရှင်ဝတ်စုံ စုစည်းမှုပြပွဲကို ယမန်နေ့က အီတလီနိုင်ငံမီလန်မြို့တွင် ပြုလုပ်ရာ၌ ကိတ်ဘလန်ချက်၊ ဂလင်းကလုစ်၊ ရစ်ချတ်ဂီယာအပါအဝင် နာမည်ကျော်ကြားသူများ တက်ရောက်ခဲ့ကြောင်း စီအင်န်အင်န် သတင်းဌာနက ဖော်ပြသည်။

မူလက ကွယ်လွန်သူ ဒီဇိုင်နာ၏ ဖက်ရှင်လုပ်ငန်းသက်တမ်း နှစ် ၅၀ ပြည့် အထိမ်းအမှတ်အဖြစ် ရည်ရွယ်ခဲ့သော်လည်း ယခုလအစောပိုင်းတွင် အသက် ၉၁ နှစ်အရွယ်၌ ဂျော်ဂျီယို အာရ်မာနီ ကွယ်လွန်သွားခဲ့ရာမှ ထိုဖက်ရှင်ပြပွဲသည် အာမာနီအား ဂုဏ်ပြုသည့်ပွဲ ဖြစ်သွားခဲ့သည်။

အဆိုပါပြပွဲကို ပီနာကိုတေကာဒီဘရီယာ အနုပညာပြခန်း၌ ပြုလုပ်ခဲ့ပြီး ၎င်း၏ ဖန်တီးမှုပေါင်း ၁၂၀ ကျော်ကို ပြသထားသည်။ လွန်ခဲ့သည့် ငါးဆယ်စုနှစ်များအတွင်း ဒီဇိုင်နာအတွက် လမ်းလျှောက်ခဲ့ဖူးသည့် မော်ဒယ်များက ဂန္ထဝင်ဝတ်စုံများနှင့် တောက်ပသော ဂါဝန်များကို ပေါင်းစပ်ပြသရန် ပြန်လည်ရောက်ရှိလာခဲ့ကြောင်း သိရသည်။ **Mon**

STOP AIDS

## မွမ်ဘိုင်းသို့ ပထမဆုံးအကြိမ် လာရောက်လည်ပတ်သူတစ်ဦးအတွက် လေယာဉ်ဆင်းသက်ခြင်းသည် မမေ့နိုင်သော အတွေ့အကြုံတစ်ခု ဖြစ်နိုင်

**ဒေလီ စက်တင်ဘာ ၃၀**

အိန္ဒိယနိုင်ငံ၏ စီးပွားရေးမြို့တော် မွမ်ဘိုင်းသို့ ပထမဆုံးအကြိမ် လာရောက်လည်ပတ်သူတစ်ဦးအတွက် လေယာဉ်ဆင်းသက်ခြင်းသည် မမေ့နိုင်သော အတွေ့အကြုံတစ်ခု ဖြစ်နိုင်ကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

လေယာဉ်ဆင်းသက်နီးချိန်တွင် အာရေဗျပင်လယ်ကို ဖြတ်ကျော်ပြီး ဒီရေတောများကို ကျော်ဖြတ်ပျံသန်းလာသည်နှင့်အမျှ ရထားလမ်းများ ပြည့်နှက်နေသော၊ မိုးမျှော်တိုက်ကြီးများ တည်ရှိနေသော၊ အာရှအကြီးဆုံး ဆင်းရဲသားရပ်ကွက်များက လေဆိပ်ပတ်လည်နံရံနှင့် ကပ်လျက်ပြွတ်သိပ်နေထိုင်သော မဟာမြို့တော်ကြီး ပေါ်ထွက်လာသည်ကို တွေ့မြင်ရမည်။

နှစ်ပေါင်းများစွာကြာအောင် လေကြောင်းဆိုင်ရာ ကျွမ်းကျင်သူများက ထိုသို့သောမြို့ပြအလယ်တွင် လေယာဉ်ပြေးလမ်းကို အဆောက်အအုံများက အဟန့်အတားဖြစ်စေခြင်း၊ ဘေးကင်းရေးနှင့် လုပ်ငန်းလည်ပတ်ရေးဆိုင်ရာ ကန့်သတ်ချက်များကြောင့် လေယာဉ်မှူးများအား ဖြတ်နေသည့် လေယာဉ်ပြေးလမ်းများကို တစ်ပြိုင်နက်တည်း အသုံးပြုခွင့်မပေးနိုင်ခြင်းတို့နှင့်အတူ အလုပ်ဝန်ပိလွန်းနေသော လေဆိပ်ကို လည်ပတ်ခြင်း၏ အန္တရာယ်များနှင့် ထိရောက်မှုမရှိခြင်းများကို သတိပေးခဲ့ကြသည်။

သို့သော်လည်း ကြန့်ကြာနေသော အခြားရွေးချယ်စရာတစ်ခုသည် နောက်ဆုံးတွင် ပေါ်ထွက်လာတော့မည် ဖြစ်သည်။ အကြိမ်ကြိမ်နှောင့်နှေးမှုများနှင့် အတားအဆီးများ ကြုံတွေ့ပြီးနောက် နာဗီမွမ်ဘိုင်း အပြည်ပြည်ဆိုင်ရာလေဆိပ်ကို မကြာမီဖွင့်လှစ်ရန် စီစဉ်ထားပြီး လာမည့်လများအတွင်း စတင်လည်ပတ်နိုင်ဖွယ်ရှိကြောင်း သိရသည်။ **Mon**



## ဖိလစ်ပိုင်နိုင်ငံအလယ်ပိုင်း ဆီဗူးပြည်နယ်တွင် မဂ္ဂနီကျူ ၆ ဒသမ ၇ အဆင့်ရှိ ငလျင်လှုပ်ခတ်

**မနီလာ စက်တင်ဘာ ၃၀**

ဖိလစ်ပိုင်နိုင်ငံအလယ်ပိုင်း ဆီဗူးပြည်နယ်တွင် စက်တင်ဘာ ၃၀ ရက်က ပြင်းအားမဂ္ဂနီကျူ ၆ ဒသမ ၇ အဆင့်ရှိ ငလျင်လှုပ်ခတ်ခဲ့ကြောင်း ဖိလစ်ပိုင်မီးတောင်ဆိုင်ရာ အင်စတီကျူက ပြောကြားသည်။

အဆိုပါငလျင်သည် စက်တင်ဘာ ၃၀ ရက် မွန်းလွဲ ၉ နာရီ ၅၉ မိနစ်တွင် ဗိုဂိုမြို့၏ အရှေ့မြောက်ဘက် ၁၇ ကီလိုမီတာအကွာအဝေးကို ဗဟိုပြု၍ လှုပ်ခတ်ခဲ့ကြောင်း သိရသည်။

ငလျင်လှုပ်ခတ်မှုကို နိုင်ငံအတွင်းရှိမြောက်ဆာမာပြည်နယ်၊ ဗိုဟိုနှင့် ဆောဆိုဂွန်ပြည်နယ်များ အပါအဝင် နိုင်ငံအလယ်ပိုင်းဒေသများတွင် ခံစားခဲ့ရကြောင်းနှင့် ထိခိုက်သေဆုံးမှုမရှိကြောင်း သိရသည်။ ငလျင်လှုပ်ခတ်မှုကြောင့် ပင်လယ်ရေမျက်နှာပြင်များ မြင့်တက်လာနိုင်သဖြင့် ပင်လယ်ကမ်းခြေဒေသများသို့ သွားရောက်ခြင်းမပြုရန် နိုင်ငံသားများအား သတိပေးထားသည်။ ယင်းငလျင်လှုပ်ခတ်ခြင်းကြောင့် ဘုရားရှိခိုးကျောင်းမျက်နှာကြက်များပြိုကျခဲ့သည်။

ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – စိုးသူရ

## ဘူအာလိုအမည်ရှိ တိုင်ဖုန်းမုန်တိုင်းဒဏ်ပြင်းထန် ဗီယက်နမ်နိုင်ငံ၌ သေဆုံးသူ ၁၉ ဦး အထိ တိုးလာ

**ဟနွိုင်း စက်တင်ဘာ ၃၀**

ဗီယက်နမ်နိုင်ငံ၌ ဘူအာလိုအမည်ရှိ တိုင်ဖုန်းမုန်တိုင်းဒဏ်ကြောင့် သေဆုံးသူ ၁၉ ဦးအထိ တိုးလာပြီး ၂၁ ဦး ပျောက်ဆုံးနေဆဲဖြစ်သည်ဟု အစိုးရက စက်တင်ဘာ ၃၀ ရက်တွင် အတည်ပြုလိုက်ကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

မြောက်ပိုင်းဒေသများ၌ ရေကြီးခြင်းနှင့် မြေပြိုခြင်းအန္တရာယ်များကို မြင့်တက်စေသည့် မိုးသည်းထန်စွာရွာသွန်းမှုများနှင့်အတူ ယင်းမုန်တိုင်းသည် ယခုနှစ်အတွင်း ဗီယက်နမ်သို့ ဝင်ရောက်တိုက်ခတ်သည့် အဆိုးရွားဆုံးမုန်တိုင်းဖြစ်လာခဲ့သည်။

ဘူအာလိုမုန်တိုင်းသည် ဗီယက်နမ်နိုင်ငံ မြောက်ပိုင်းအလယ်ပိုင်း၌ ကမ်းခြေကို ဝင်ရောက်တိုက်ခတ်ခဲ့ပြီး ကြီးမားသော ပင်လယ်လှိုင်းများ၊ လေပြင်းများနှင့် မိုးသည်းထန်စွာရွာသွန်းမှုများကို ဖြစ်ပေါ်စေခဲ့သည်။ ယခင်အပတ်က ထိုတိုင်ဖုန်းမုန်တိုင်းသည် ဖိလစ်ပိုင်နိုင်ငံတွင် အနည်းဆုံး လူ ၁၀ ဦး သေဆုံးစေခဲ့သည်။

ထိခိုက်ဒဏ်ရာရသူ ၈၈ ဦး ရှိပြီး အိမ်ခြေပေါင်း တစ်သိန်းကျော် ပျက်စီးခဲ့ကာ အများစုမှာ ငေးအန်နှင့် ဟာတင်ပြည်နယ်များတွင် ဖြစ်ပွားခဲ့ကြောင်း၊ စပါးနှင့် သီးနှံဟက်တာပေါင်း တစ်သောင်းကျော် ရေလွှမ်းမိုးခံခဲ့ရကြောင်း အစိုးရက ထုတ်ပြန်ကြေညာသည်။

မြို့တော် ဟနွိုင်းအပါအဝင် မိုးသည်းထန်စွာ ဆက်လက်ရွာသွန်းမည်ဖြစ်ပြီး လေပြင်းများနှင့် မိုးကြိုးပစ်ခြင်းများလည်း ဖြစ်နိုင်ကြောင်း သိရသည်။ **Mon**



ဖတ်စရာ၊ မှတ်စရာ
စုံလင်
မန္တလေး

## ကျောင်းတွင်း အားကစားပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနား ပြုလုပ်

**မကွေး စက်တင်ဘာ ၃၀**

၂၀၂၅-၂၀၂၆ ပညာသင်နှစ် သမဝါယမစာရင်းရေး၊ စာရင်းကိုင် သက်မွေးပညာသင်တန်းကျောင်း (မကွေး)၏ ကျောင်းတွင်း အားကစားပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို စက်တင်ဘာ ၂၉ ရက် နံနက်ပိုင်းက အဆိုပါသင်တန်းကျောင်းတွင် ပြုလုပ်ရာ အခမ်းအနားသို့ မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်သူဦး၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ သင်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ပြိုင်ပွဲဝင် အားကစားသမားများ တက်ရောက်ကြသည်။

ရှေးဦးစွာ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးနှင့် တာဝန်ရှိသူများက ဖူဆယ်ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲစဉ်အဖြစ် အနီအသင်းနှင့် အစိမ်းအသင်း ကိုယ်စားပြုအသင်းတို့ ယှဉ်ပြိုင်နေမှုကိုလည်းကောင်း၊ ထုပ်စည်းတိုးပြိုင်ပွဲ ဗိုလ်လုပွဲစဉ်အဖြစ် အဝါအသင်းနှင့် အနီအသင်းတို့ ယှဉ်ပြိုင်နေမှုကိုလည်းကောင်း၊ ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲစဉ်အဖြစ် အနီအသင်းနှင့် အစိမ်းအသင်းတို့ ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးခဲ့သည်။



ထို့နောက် ဆုချီးမြှင့်ပွဲအခမ်းအနားကို ပြုလုပ်ရာ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးနှင့် တာဝန်ရှိသူများက ပါဝင်ကူညီခဲ့သည့် ဒိုင်အဖွဲ့များအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ခဲ့ပြီး ဖူဆယ်ဘောလုံးပြိုင်ပွဲ၊ ပိုက်ကျော်ခြင်းပြိုင်ပွဲနှင့် ထုပ်စည်းတိုးပြိုင်ပွဲများတွင် ပထမ၊ ဒုတိယ၊ တတိယနှင့် အကောင်းဆုံးအားကစားသမား ဆုရရှိသူများကို ဆုများ အသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

**မောင်ခိုင်မင်း(ပြန်ဆက်)**



## ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်ရန် တွေ့ဆုံ

**မိုင်းယောင်း စက်တင်ဘာ ၃၀**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းယောင်းမြို့နယ်တွင် ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် ခရိုင်၊ မြို့နယ်၊ ဒေသခံပြည်သူများ တွေ့ဆုံပွဲ အခမ်းအနားကို စက်တင်ဘာ ၂၉ ရက် နံနက်ပိုင်းက ဒွန်းနွံကျေးရွာ၌ ပြုလုပ်သည်။

ရှေးဦးစွာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ခေတ္တဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး အောင်နေထွန်းက အမှာစကားပြောကြားပြီး ခေတ္တခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်ခိုင်နှင့် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဝင်များ၊ ခရိုင်၊မြို့နယ်မှ ဌာနဆိုင်ရာတာဝန်ရှိသူများက ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ သိကောင်းစရာများ၊ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်များ၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ် တားဆီးကာကွယ်ရေး၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့် နယ်စပ်ဖြတ်ကျော်မီးခိုးမြူငွေ့ ညစ်ညမ်းမှုလျှော့ချရေးဆိုင်ရာ သိကောင်းစရာများ၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ပညာရေး၊ ကျန်းမာရေး စသည့် ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဆွေးနွေးဟောပြောခဲ့သည်။

ထို့နောက် တက်ရောက်လာသည့် ဒွန်းနွံကျေးရွာအုပ်စုနှင့် မိုင်းလွေကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၊ ဒွန်းနွံကျေးရွာ၊ တာပေါက်ကျေးရွာ၊ မိုင်းလွေကျေးရွာနှင့် ဝမ်ဇလီကျေးရွာတို့မှ ကျေးရွာတာဝန်ခံနှင့် ဒေသခံပြည်သူများက လမ်း၊တံတား စသည့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များ တင်ပြဆွေးနွေးပြီး ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ခေတ္တဥက္ကဋ္ဌက တင်ပြချက်များနှင့်ပတ်သက်၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးကာ နိဂုံးချုပ်စကားပြောကြားခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ) (၅၀၅)

## လားရှိုးမြို့တွင် စာဖတ်ရှိန်မြှင့်တင်ရေး စာအုပ်စာစောင်ပြပွဲနှင့် အသိပညာပေး နံရံကပ်စာစောင်များ ပြသ

**လားရှိုး စက်တင်ဘာ ၃၀**

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့တွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လားရှိုးခရိုင်ရုံးက စာဖတ်ရှိန်မြှင့်တင်ရေး စာအုပ်စာစောင်ပြပွဲနှင့် အသိပညာပေး နံရံကပ်စာစောင်များ ပြသခြင်းကို စက်တင်ဘာ ၂၉ ရက် နံနက်ပိုင်းက လားရှိုးခရိုင် လူထုအခြေပြုဗဟိုဌာန (Community Centre)၌ ကျင်းပသည်။

အဆိုပါ စာအုပ်စာစောင်ပြပွဲကို စာဖတ်ရှိန်မြှင့်တင်ရန်၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်သူ့စာကြည့်တိုက်နှင့်လည်း ရင်းနှီးကျွမ်းဝင်မှု ပိုမိုရရှိစေရန်၊ စာအုပ်၊ စာပေကောင်းများ လေ့လာရာမှီးတတ်စေရန် ရည်ရွယ်၍ ပြသခြင်းဖြစ်ပြီး လူကုန်ကူးမှုတားဆီးကာကွယ်ရေး၊ သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး၊ မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေး အသိပညာပေးနံရံကပ်စာစောင်ဓာတ်ပုံပြပွဲအားပြသခဲ့ရာ တက်ရောက်လာသည့် ဒေသခံပြည်သူများက စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုကြကြောင်း သိရသည်။

(အောက်ပုံ)

**ခရိုင်(ပြန်/ဆက်)**

*-*-*-*-*-*-*



## ဂုဏ်ပြုကြိုဆိုပါမေ့ ရဲတပ်ဖွဲ့နေ့

* အမိဌာန်လေးချက် ဦးထိပ်ရွက်လို့
ထမ်းဆောင်လျက် တာဝန်တွေ ။
ခုနစ်ဆယ်သော ကျင့်ဝတ်များ
စောင့်ထိန်းထားပေ ။
ပြည်သူ့အတွက် အစဉ်သာလေ
ဘယ်မသွေ ထမ်းရွက်နင်း ။
မကောင်းမှု ဒုစရိုက်တို့ကို
တိုက်ဖျက်ဖြိုခွင်း ။

* မတရားတဲ့ အမှုအခင်းကို
ထုတ်ဖော်ရှင်း ကူညီအစဉ် ။
အသက်အိုးအိမ် လုံခြုံရေး
အလေးပေးဆင်ခြင် ။
ရာဇဝတ်မှုတို့ ကင်းပစင်
ထမ်းရွက်စဉ် အချိန်ခါမလင့် ။
များပြည်သူ အစဉ်လေးစားပါလို့
အားထားဂုဏ်ဝင့် ။

* ခြောက်ဆယ့်တစ်နှစ် မော်ကွန်းဆင့်
သမိုင်းတင့် နေ့ရက်ပါ ။
မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့
မည်လေ့တွင်စွာ ။
အောက်တိုဘာလ တစ်ရက်မှာ
တွဲဆက်ကာ စိတ်ဓာတ်စု ။
ရဲဇာနည် ဝန်ထမ်းကောင်းတို့ကို
ပေါင်းစုဂုဏ်ပြု ။ ။

(အောက်တိုဘာလ ၁ ရက်တွင် ကျရောက်သည့် (၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အား ဂုဏ်ပြုပါသည်။)

သူထက်ဆန်း(မန္တလေး)





# (၅၂)ကြိမ်မြောက် ၁၀၈ နာရီ အသံမစဲမဟာပဋ္ဌာန်းသိမ်းအောင်ပွဲနှင့် စာရေးတံမဲ လှူဒါန်းပွဲ ကျင်းပ

**ချောက် စက်တင်ဘာ ၃၀**

မကွေးတိုင်းဒေသကြီး၊ ချောက်ခရိုင်၊ ချောက်မြို့၊ (၁၁)ရပ်ကွက်၊ ဗဟိုကွက်သစ်ရပ်၊ သာသနာ့ဗိမာန်တော်ရှိ မဟာသကျမုနိဆုတောင်းပြည့်မြတ်စွာဘုရားကြီး၏ (၅၂)ကြိမ်မြောက် ၁၀၈ နာရီ အသံမစဲမဟာပဋ္ဌာန်းသိမ်းအောင်ပွဲနှင့် စာရေးတံမဲလှူဒါန်းပွဲကို စက်တင်ဘာ ၂၉ ရက် မွန်းလွဲ ၁ နာရီက အဆိုပါသာသနာ့ဗိမာန်တော်ကြီး၌ ကျင်းပခဲ့သည်။

ရေးဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ် ရွတ်ဆို၍ ဖွင့်လှစ်ပြီး မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော် ကောသလ္လထံမှ ရှစ်ပါးသီလခံယူ ဆောက်တည်ကာ သံဃာတော်များက မေတ္တသုတ်တရားတော်များ ချီးမြှင့်ခဲ့သည်။ ထို့နောက် စလင်းကျောင်းတိုက်ဆရာတော်က ပဋ္ဌာန်းသိမ်းအောင်ပွဲ အောင်ဂါထာကို ရွတ်ဖတ်ပူဇော်သည်။

၄င်းနောက် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင် ဦးခင်မောင်သန်းက သာသနာရေးရာဆိုင်ရာများ လျှောက်ထားခဲ့ပြီး သာသနာ့ဗိမာန်တော်ဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးပြုံးချိုက ကျေးဇူးတင်စကား ပြောကြားခဲ့သည်။

ဆက်လက်၍ သံဃာတော်များအား ကုသိုလ်ရှင်များက လှူဒါန်းသည့် လှူဖွယ်ဝတ္ထုငွေများကို ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီအဖွဲ့ဝင် ဦးအေးမင်းထွန်း၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင် ဦးခင်မောင်သန်းတို့က ဦးဆောင်၍ လှူဒါန်းပေးခဲ့ပြီး မြို့ပေါ်(၁၅)ရပ်ကွက်ရှိ စေတနာရှင်ပြည်သူများကလည်း လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

ထို့နောက် မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်ထံမှ အနုမောဒနာတရားနာယူကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေခဲ့ပြီး ပင့်သံဃာတော် ၁၄၆ ပါးအတွက် ဝတ္ထုငွေနှင့် စာရေးတံမဲ စုစုပေါင်း ငွေကျပ် ၇၃၀၅၀၀၀ လှူဒါန်းခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

ကျော်မိုး(ပြန်/ဆက်)

# ဆွမ်းဆန်စိမ်းလောင်းလှူပွဲနှင့် (၃၇)ကြိမ်မြောက် အသံမစဲမဟာပဋ္ဌာန်းပူဇော်ပွဲ ကျင်းပ

**ရှာင် စက်တင်ဘာ ၃၀**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ မနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ရှာင်မြို့နယ်တွင် သမိုင်းဝင် ဖောင်တော်ဦးမြတ်စွာဘုရား ဒေသစာရီကြွချီတော်မူခြင်း၊ ဆွမ်းဆန်စိမ်းလောင်းလှူပွဲနှင့် (၃၇)ကြိမ်မြောက် အသံမစဲမဟာပဋ္ဌာန်းပူဇော်ပွဲကို စက်တင်ဘာ ၂၉ ရက် နံနက် ၉ နာရီက မြို့ဦးမင်္ဂလာကျောင်းကြီးမှစ၍ လမ်းတစ်လျှောက် အောင်ပင်သာစည်ဘုန်းတော်ကြီးကျောင်းသို့ ပင့်ဆောင်ပြီး ဆွမ်းဆန်စိမ်းလောင်းလှူခဲ့ကြသည်။

လောင်းလှူပွဲတွင် မြို့နယ်သံဃနာယကဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တသာသန၏ ဩဝါဒဖြင့် မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသိန်းဆိုင်က ဦးဆောင်ကာ အဖွဲ့ဝင်များ၊ မြို့ပေါ်ရှိ ဌာနဆိုင်ရာမိသားစုများ၊ မြို့မိမြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ ဈေးတန်း(ကွက်သစ်၊ တောင်ပိုင်း)၊ မြို့ကုန်း၊ ရွာမရပ်ကွက်အသီးသီးရှိ စေတနာရှင်များက ဖောင်တော်ဦးမြတ်စွာဘုရား ဒေသစာရီကြွချီမှုကို ဖူးမြော်ကြည်ညိုခဲ့ကြပြီး ပင့်သံဃာတော် အပါး ၇၀ တို့အား ဆွမ်းဆန်စိမ်းလောင်းလှူခဲ့ကြသည်။ ထို့နောက် (၃၇)ကြိမ်မြောက် အသံမစဲမဟာပဋ္ဌာန်းပူဇော်ပွဲကို ၁၃၈၇ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၈ ရက်မှ ၁၂ ရက်အထိ ငါးရက်တိုင်တိုင် အောင်ပင်သာစည်ဘုန်းတော်ကြီးကျောင်းတွင် ဆက်လက်ရွတ်ဖတ်ပူဇော်သွားမည်ဖြစ်ကြောင်း သိရသည်။

**(အောက်ပုံ)(၃၃၈)**



# ဖြပ္ပစိုရ်ဆရာတော်ကြီးအား ဂုဏ်ပြုပူဇော်ပွဲ ကျင်းပ

**မန္တလေး စက်တင်ဘာ ၃၀**

အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ရ သက်တော်ရှည် ဖြပ္ပစိုရ်ဆရာတော်ကြီး ဘဒ္ဒန္တတိက္ခ မထေရ်မြတ်အား ဂုဏ်ပြုပူဇော်ပွဲကို စက်တင်ဘာ ၂၈ ရက် နံနက် ၉ နာရီက လမ်း ၆၀ ရှိ မဟာဝိဇယကျောင်းတိုက်၌ ကျင်းပရာ အခမ်းအနားသို့ မဟာဝိဇယဆရာတော် သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝိစာရ အမှူးပြုသော ပင့်သံဃာတော်များ ကြွရောက်ချီးမြှင့်ပြီး မဟာဝိဇယကျောင်းတိုက်ဂေါပကအဖွဲ့ဝင်များ၊ ယောဂီအဖွဲ့နှင့် တပည့်ဒါယကာ၊ ဒါယိကာမများ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ အပူဇော်ခံဆရာတော်ကြီးအား ဂေါပကအဖွဲ့က ထီးဖြူမိုး၍ပင့်ဆောင်ပြီး နိုင်ငံတော်ဗဟိုသံဃဝန်ဆောင် အဂ္ဂမဟာပဏ္ဍိတ သုဒ္ဓန္တနန္ဒိယထံမှ ပရိသတ်များက သီလခံယူဆောက်တည်ကြသည်။ ထို့နောက် အပူဇော်ခံဆရာတော်ကြီး၏ ထေရုပ္ပတ္တိတို့ သာသနဓဇ ဝိနယဝိဒူ ဘဒ္ဒန္တကုဏ္ဍလက ဖတ်ကြား ပူဇော်ပြီး ရတနာသိင်္ဃ ကျောင်း ဘဒ္ဒန္တဝိစိတ္တက ဂုဏာထောပနာ သုတိဂါထာများဖြင့် ဖတ်ကြားပူဇော်သည်။ ဆက်လက်၍ မဟာဝိဇယ ယောဂီအဖွဲ့မှ ရှစ်လုံးဘွဲ့ကဗျာများဖြင့် ရွတ်ဖတ်ပူဇော်ပြီး မဟာဝိဇယဆရာတော်ကြီး အမှူးပြုသော တပည့်ဒါယကာ၊ ဒါယိကာမများက အပူဇော်ခံ သက်တော်ရှည် ဖြပ္ပစိုရ်ဆရာတော်ကြီးအား နဝကမ္မ ငွေကျပ် ၇၅ သိန်းနှင့် လှူဖွယ်ပစ္စည်းများ ကပ်လှူကာ ပင့်သံဃာတော်အပါး ၆၀ ကျော်တို့အား သင်္ကန်းဒွိစုံ တစ်စုံစီနှင့် နဝကမ္မ ငွေကျပ် ၅၀၀၀၀ စီ လောင်းလှူကြပြီး လှူဒါန်းမှုအစုစုအတွက် မဟာ ဝိဇယဆရာတော်က ရေစက်ချ အနုမောဒနာတရား ဟောကြား ချီးမြှင့်သည်။



အဆိုပါ အခမ်းအနားတွင် ဦးချစ်သူ+ဒေါ်ထိုက်ထိုက်မိသားစုမှ နေ့ဆွမ်းဆက်ကပ်ပြီး လူပရိသတ်တို့အား အာဟာရဒါနထမင်း ကုသိုလ်ပြုကျွေးမွေးကြောင်း သိရသည်။

(ဝဲပုံ)

(၀၅၁)

၀-၀-၀-၀-၀

# ဆီမီး ၉၀၀၀ ပူဇော်ပွဲ၊ ဓမ္မစကြာဝတ်ရွတ်ပူဇော်ပွဲနှင့် ဆွမ်းတော်ကြီးကပ်လှူပူဇော်ပွဲကျင်းပနိုင်ရေး အစည်းအဝေးကျင်းပ



**အမရပူရ စက်တင်ဘာ ၃၀**

မန္တလေး၊ အမရပူရမြို့နယ်၊ နတ်ရေကန်ကျေးရွာအုပ်စု၊ ရွာတောလေးကျေးရွာအနီးရှိ စွယ်တော်မြတ်စေတီတော်(မန္တလေး)တွင် အောက်တိုဘာ ၅ ရက်(တနင်္ဂနွေနေ့)မှ ၆ ရက်(တနင်္လာနေ့)အထိ ကျင်းပမည့် သီတင်းကျွတ်လပြည့်(အဘိဓမ္မာအခါတော်နေ့)၌ ဆီမီး ၉၀၀၀ ပူဇော်ပွဲ၊ ဝတ်ရွတ်ပူဇော်ပွဲနှင့် ဆွမ်းတော်ကြီးကပ်လှူပူဇော်ပွဲကို စနစ်တကျ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားနိုင်ရေးအတွက် စက်တင်ဘာ ၂၉ ရက် နံနက် ၁၀ နာရီက ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ယာယီရုံးခန်း၌ ကျင်းပသည်။

ဘုရားပွဲတော်ကျင်းပနိုင်ရေးအတွက် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးတင်ကိုလင်းက အဖွင့်အမှာစကား ပြောကြားခဲ့သည်။ ထို့နောက် ဘုရားဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ကျော်ဦးက ပွဲတော်အတွက် ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြခဲ့သည်။ ၄င်းနောက် ဂေါစရဂါမ်နယ်မြေရှိ ကျေးရွာအုပ်စု (၁၈)အုပ်စုမှ ရပ်မိရပ်ဖများ၊ အုပ်ချုပ်ရေးမှူးများ ပါဝင်သည့် ဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီများ အသီးသီးကို ဖွဲ့စည်းတာဝန်ပေးအပ်ကာ ဘုရားပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပဆောင်ရွက်သွားမည်ဖြစ်သည်။

(ဝဲပုံ)

ယခုနှစ် ဘုရားပွဲတော်တွင် သီတင်းကျွတ်လဆန်း ၁၄ ရက်၌ ဆွမ်းတော်ကြီးကပ်လှူပွဲကို အခြေခံပညာ ကျောင်းသား၊ ကျောင်းသူ ၅၀၀ ဦးတို့ဖြင့် လှည့်လည်မည့်အစီအစဉ်ပါ ထည့်သွင်းထားကြောင်း ဘုရားဂေါပကအဖွဲ့ အတွင်းရေးမှူး ဦးသန်းဇော်ထံမှ သိရသည်။ **(၀၈၄)**

# (၁၈)ကြိမ်မြောက် ဘုံကထိန်တော်အတွက် ပဒေသာပင်လှူဒါန်း

**မန္တလေး စက်တင်ဘာ ၃၀**

မန္တလေး တောင်စလင်းတိုက် သစ်နယ်စပ်တောင်တန်းနှင့် ကမ်းရိုးတန်းဒေသ ပဓာနနာယက ဆရာတော်၊ ဗုဒ္ဓဘာသာသာသနာပြန့်ပွားရေးအသင်းချုပ် နာယကဆရာတော်ဘဒ္ဒန္တတိက္ခ၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဦးဆောင်သည့် (၁၈)ကြိမ်မြောက် စုပေါင်းမဟာဘုံကထိန်တော်သို့ ဘုန်းတော်ကြီးကျောင်းပေါင်း ၁၅၈၃ ကျောင်းအတွက် တစ်ကျောင်းလျှင် တစ်ပင်နှုန်းဖြင့် လှူဒါန်းပေးရာ တစ်ပင်စာအတွက် ငွေကျပ် တစ်သိန်းတစ်သောင်းနှုန်းဖြင့် လှူဒါန်းပြီး ကထိန်ဒါယကာ၊ ဒါယိကာမများအဖြစ် ခံယူနိုင်ကြသည်။

မန္တလေး၊ မဟာအောင်မြေမြို့နယ်နေအလှူရှင် ဖခင်ကြီး ဦးစိန်+မိခင်ကြီး ဒေါ်တုတ်တုတ်တို့အား ရည်စူး၍ မိုးသူ(အဆင့်မြင့် အင်ဂျင်ဂိုင်)မိသားစုက ပဒေသာပင် ၁၀ပင်ကို ယမန်နေ့က လာရောက်လှူဒါန်းရာ ဗုဒ္ဓဘာသာ သာသနာပြန့်ပွားရေး အသင်းချုပ် ဥက္ကဋ္ဌ ဦးလှဝင်းက လက်ခံရယူပြီး ကျေးဇူးတင်စကားပြော၍ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

အလားတူ မန္တလေး၊ ချမ်းအေးသာစံမြို့နယ်နေ အလှူရှင် ဦးမောင်မောင်သန်း+ဒေါ်ခင်မမ၊ (ညီမ)ဒေါ်ခင်သန်းတင် မိသားစုက တန်ဖိုး နှစ်သိန်းနှစ်သောင်းရှိ ပဒေသာပင် နှစ်ပင်ကိုလည်းကောင်း၊ ဦးစိုးနိုင်အား ရည်စူး၍ ဒေါ်ခင်မြင့်(သုခစတိုး)မိသားစုက ပဒေသာပင် နှစ်ပင်၊ မန္တလေး၊ ဈေးချိုနေ အလှူရှင် ဦးအောင်ဖြိုး+ဒေါ်ရွှေရင်၊ ဦးကျော်စိန်+ဒေါ်စွမ်းရည်၊ ဒေါ်မြမြခိုင်(ခ)ဒေါ်အိုက်ဝါတို့အား ရည်စူး၍ ဦးသိန်းထွန်း(နေခြည်ယိုစုံ)က ပဒေသာပင် နှစ်ပင်၊ မန္တလေး၊ မြို့သစ်နေ အလှူရှင် ဒေါ်စန်းရီက မိဘနှစ်ပါးနှင့် သားသမီးတို့အားရည်စူး၍ ပဒေသာပင် တစ်ပင်၊ မိုးကုတ်မြို့နေ အလှူရှင် ဦးညွန့်ကြည်အားရည်စူး၍ ဒေါ်ရင်မေ မိသားစုကပဒေသာပင် တစ်ပင်တို့ကို လှူဒါန်းခဲ့ကြကြောင်း သိရသည်။

(၀၄၉)


# မန္တလေးတက္ကသိုလ် ရာပြည့်မဂ္ဂဇင်း(၁၉၂၅-၂၀၂၅)


နိုင်ဗလ

မန္တလေးတက္ကသိုလ်ပင်မအဆောက်အအုံကြီးကို ၁၉၂၁ ခုနှစ်၊ ဩဂုတ် ၁၉ ရက်တွင် အုတ်မြစ်ချခဲ့ပြီး စိုက်ပျိုးရေးသိပ္ပံအဖြစ် ဖွင့်လှစ်ရန် ရည်ရွယ်ခဲ့သည်။ ၁၉၂၅ ခုနှစ်၊ ဇူလိုင် ၄ ရက်တွင် ဥပစာကောလိပ်၊ ၁၉၄၇ခုနှစ်၊အောက်တိုဘာ ၂၈ ရက်တွင် မန္တလေးယူနီဗာစီတီကောလိပ်အဖြစ် ဖွင့်လှစ်ခဲ့သည်။ ၁၉၆၄ ခုနှစ်တွင် မန္တလေး ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်၊ ၁၉၈၀ ပြည့်နှစ်၊ ဧပြီ ၁ ရက်တွင် မန္တလေးတက္ကသိုလ်ဟူသော အမည်ဖြင့် ပညာမျိုးစေ့ချ၊ ခရီးရှည်ကြီးချီတက်ခဲ့ရာ ယခုဆိုလျှင် မန္တလေးတက္ကသိုလ်သည် နှစ်ပေါင်း တစ်ရာတိုင်ရောက်ရှိခဲ့ပြီဖြစ်သည်။ နှစ်ပေါင်း တစ်ရာ ကာလရှည်ကြီးတွင် နယ်ပယ်အသီးသီးအတွက် ရင်သွေးသားသမီး မြောက်မြားစွာ မွေးထုတ်ပေးခဲ့ပြီး ဖြစ်သည်။

မန္တလေးတက္ကသိုလ် နှစ် ၁၀၀ ပြည့်တော့မည်ဖြစ်၍ လွန်ခဲ့သော နှစ်နှစ်ခန့်ကတည်းက သူငယ်ချင်းတစ်စုတိုင်ပင်ဆွေးနွေးခဲ့ကြသည်။ နှစ် ၁၀၀ ပြည့်သည် ကြုံတောင့်ကြုံခဲဖြစ်သည်။ ကြုံခဲလှသော နှစ် ၁၀၀ ပြည့်ပွဲတွင် မိမိတို့ တစ်တပ်တစ်အားပါဝင်ကြမည်ဟု ဆုံးဖြတ်ချက်ချခဲ့ကြသည်။ သက်ဆိုင်ရာ မန္တလေးတက္ကသိုလ် နယ်မြေမှ လက်ရှိတာဝန်ထမ်းဆောင်နေကြသော သူငယ်ချင်း ညီအစ်ကိုမောင်နှမများထံလည်း သွားရောက်မေးမြန်းဆွေးနွေးခဲ့ကြသည်။သို့သော် အစီအစဉ်ရှိ၊ မရှိ ရေရေရာရာမသိခဲ့ကြ။ မည်သို့ဖြစ်စေ မိခင်တက္ကသိုလ်ကြီး၏ ရာပြည့်အတွက် အမှတ်တရ ဂုဏ်ပြုသည့်အနေဖြင့် စာအုပ်တစ်အုပ် မဖြစ်မနေထုတ်ကြရန် ဆုံးဖြတ်ချက်ချ၍ ဆောင်ရွက်ခဲ့ကြသည်။ ရည်ရွယ်ချက်ပေါက်မြောက် အောင်မြင်အောင် သူငယ်ချင်းများက လူအား၊ ငွေအား တတ်စွမ်းသမျှ ဝိုင်းဝန်းကြသည်။ ကြိုးစားမှု၏ အသီးအပွင့်အဖြစ် 'အညာတမာ-၁၀၀' စာအုပ် အောင်မြင်စွာထုတ်၍ အမိတက္ကသိုလ် ရာပြည့်ပွဲအတွက် ဂါရဝပြုကျေးဇူးဆပ်နိုင်ခဲ့ပြီဖြစ်သည်။ တစ်ဖန် မန်းတက္ကသိုလ် နှစ် ၁၀၀ ပြည့်ပွဲကြီးအား ကျင်းပမည်ဟူသော သတင်းစကားကို ဝမ်းမြောက်စွာ ကြားခဲ့ရပြန်သည်။ စွမ်းနိုင်သူ၊တတ်နိုင်သူ၊အရေးပါသူများကော်မတီဖွဲ့၍ စတင်ဆောင်ရွက်ကြသဖြင့် ဝမ်းမြောက်ခဲ့ရသည်။ နှစ် ၁၀၀ပြည့်ပွဲကြီး ကျင်းပတော့မည်ဟူသော မျှော်လင့်ချက် အကောင်အထည်ပေါ်လာပြီ။ မြို့မိ၊ မြို့ဖများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ကျောင်းသူဟောင်းများက တက်ကြွစွာ လှုပ်ရှားစည်းရုံးလာကြသည်။

တစ်ရက် ・ ・ ・ ဆရာကြီး ဒေါက်တာမောင်မောင်လေး(မြန်မာစာ)က ဖုန်းဆက်လာသည်။ မန္တလေးတက္ကသိုလ် နှစ် (၁၀၀)ပြည့် မဂ္ဂဇင်းထုတ်ဖို့ စီစဉ်လျက်ရှိသည်။ ပါဝင်ပေးရန် အဆိုပြုသည်။ ဝမ်းမြောက်စွာဖြင့် မဂ္ဂဇင်းကော်မတီတွင် အဖွဲ့ဝင်အဖြစ် ပါဝင်ခဲ့သည်။ မဂ္ဂဇင်းထုတ်ဝေနိုင်ရေးအစည်းအဝေးများ ကျင်းပဖြစ်ကြသည်။ မဂ္ဂဇင်းအမည်ရွေးချယ်ကြသည်။ မန္တလေးတက္ကသိုလ် အနှစ်(၁၀၀)ပြည့်မဂ္ဂဇင်း၊ မန္တလေးတက္ကသိုလ် နှစ်(၁၀၀)ပြည့်မဂ္ဂဇင်း၊ မန္တလေးတက္ကသိုလ် ရာပြည့်မဂ္ဂဇင်းစသည်ဖြင့် အဆိုတင်သွင်းကြသည်။ အားလုံးတညီတညွတ်တည်းဖြင့် မန္တလေးတက္ကသိုလ်ရာပြည့် မဂ္ဂဇင်းဟူသောအမည်ကို ရွေးချယ်ဆုံးဖြတ် အတည်ပြုခဲ့ကြသည်။ မဂ္ဂဇင်းကော်မတီတွင် ပါဝင်သူများ အားလုံး တက်ကြွစေတနာပါသူများသာဖြစ်ကြသဖြင့် မနိမကပ်ဆောင်ရွက်ခဲ့ကြသည်။ ပါဝင်သင့်သည့် ကဏ္ဍများ၊ စာမူများအတွက် အကြိမ်ကြိမ်ဆွေးနွေးကြသည်။ မဂ္ဂဇင်းကော်မတီ၏ ဒုက္ခကိုအများဆုံးခံပေး၊ ကူညီဆောင်ရွက်သော ဦးတင်မောင်(သူရိန်နန်း)ကိုလည်း အထူးဂုဏ်ပြု မှတ်တမ်းရေးထိုးရမည် ဖြစ်သည်။မဂ္ဂဇင်းကော်မတီအတွက် နေရာ၊ ဧည့်ခံကျွေးမွေးမှုအပါအဝင် ငွေအား၊ လူအား များစွာ စိုက်ထုတ်ပေးခဲ့သူဖြစ်သည်။ အယ်ဒီတာအဖွဲ့ကလည်း များစွာကြိုးပမ်း အားထုတ်ကြသည်။ မဂ္ဂဇင်းကောင်းမွန်အောင်မြင်ရေးအတွက် စာမူများ ရွေးချယ်ရန် ညှိနှိုင်းရာတွင် မန္တလေးတက္ကသိုလ်၏ သမိုင်းကြောင်း၊ ထူးချွန်ထက်မြက်ထင်ရှားသူများ၊ ထင်ရှားကျော်ကြား စာရေးဆရာကြီးများ၊(မန္တလေးတက္ကသိုလ်ထွက်)၏ စာမူများ၊ မန္တလေးတက္ကသိုလ် ကျောင်းသားဟောင်းများ၏ ရင်တွင်းခံစားချက် ကြုံတွေ့ခဲ့ရမှု သက်ရှိထင်ရှားကျောင်းသားဟောင်းများ၏ လက်ရာစာမူများ ရွေးချယ်ကြရန် တစ်ဦးချင်း အကြံပြုတင်ပြကြသည်။ တစ်ဦးချင်းအကြံပြုချက်များအားလုံးသည် သင့်တော်သော၊ လျော်ကန်သော၊ ကောင်းမွန်သော၊ ဖြစ်သင့်သော၊ အကြံပြုချက်များချည်းသာဖြစ်သည်။ ထိုအတိုင်း ပြည့်စုံအောင် ဆောင်ရွက်နိုင်လျှင် ကောင်းသော၊ ပို၍ ပို၍ ကောင်းသော မဂ္ဂဇင်းစာအုပ်ဖြစ်လာမည်မှာ အသေချာပင်ဖြစ်သည်။ သို့သော် ကုန်ကျစရိတ်၊ အများလက်ဝယ် သင့်တင့်သော ဈေးနှုန်းဖြင့် ဖြန့်ချိနိုင်ရေး၊ ကာလအခြေအနေအရ သင့်တော်ရေး၊ အမိတက္ကသိုလ်ကြီး၏ ရင်သွေးကျောင်းသား၊ ကျောင်းသူဟောင်းများ ပိုမိုပါဝင်လာနိုင်ရေးတို့ကို မြော်တွေး၍ သမိုင်းကြောင်း၊ ကွယ်လွန်ပြီးသော ဆရာကြီး၊ ဆရာမကြီးများ၏ ဆောင်းပါး၊ စာပေများ၊ ထင်ရှားကျော်ကြား စာရေးဆရာကြီးများ၏ စာပေများ သင့်တင့်မျှတစွာသာ ထည့်သွင်းပြီး ကျောင်းသူ၊ ကျောင်းသားဟောင်းများ၏ အတွေ့အကြုံ၊ ရင်ခုန်သံများကို တတ်နိုင်သမျှ ဦးစားပေး ဖော်ပြရန် ကော်မတီ၏ ဝိုင်းဝန်းဆုံးဖြတ်ချက်ဖြင့် အတည်ပြုနိုင်ခဲ့ကြသည်။ ကော်မတီအတွင်း၊ အယ်ဒီတာအဖွဲ့အတွင်း အကြိတ်အနယ်ဆွေးနွေး ညှိနှိုင်းခဲ့ကြသည်။ မဂ္ဂဇင်းအတွက် ကောင်းစေလိုသော ဆန္ဒအရ အကြိတ်အနယ်ဆွေးနွေးညှိနှိုင်းကြရခြင်းဖြစ်သဖြင့် ဂုဏ်ယူစရာကောင်းလှသည်။ စေတနာများဖြင့် အကြိတ်အနယ် ဆွေးနွေးညှိနှိုင်းငြင်းခုံရခြင်းဖြစ်သဖြင့် မဂ္ဂဇင်းအပေါ်တွင် ထားသော တစ်ဦးချင်းစီ၏ မြင့်မားလှသော စေတနာများကို ပြက်ပြက်ထင်ထင် မြင်တွေ့ခဲ့ရသည်။ ထိုသို့သော ကောင်းမြတ်မြင့်မားသော ကိုယ်စီဆန္ဒများဖြင့် ရာပြည့်မဂ္ဂဇင်းကို ထုဆစ်ပုံဖော်ခဲ့သည်ဟု ဆိုရပေမည်။





ယခု မန္တလေးတက္ကသိုလ်ရာပြည့်မဂ္ဂဇင်း (၁၉၂၅-၂၀၂၅)ကြီးသည် စက်တင်ဘာလကုန်ပိုင်းတွင် စာပေစင်မြင့်ထက်သို့ ငွားငွားစွင့်စွင့်၊ ကြွားကြွားဝံ့ဝံ့၊ ခန့်ခန့်ထည်ထည် ထွက်ရှိလာခဲ့ပြီဖြစ်သည်။ သန့်ကြည်၊ ခန့်ထည်သော မျက်နှာဖုံးအမာဖြင့် ကောင်းမွန်သေသပ်သောမဂ္ဂဇင်းသည် မြင်လိုက်သည်နှင့် လိုချင်၊ ဖတ်ချင် စိတ်ကို နှိုးဆော်ပေးနိုင်သည်။ မျက်နှာဖုံးပန်းချီကို ဖန်တီးသူမှာ ဆရာဦးဝင်းမောင်(တမ္ပဝတီ)ဖြစ်သည်။ မျက်နှာဖုံးနှင့်ပတ်သက်၍ ဆရာက ဤသို့ အဓိပ္ပာယ်ဖွင့်ဆိုထားသည်။ မန္တလေးတက္ကသိုလ် ပင်မဆောင်နှင့်အတူ မွေးဖွားခဲ့သော အုတ်တိုက်နှီ အဆောက်အအုံ၊ အင်းဝဆောင်၊ ဘွဲ့နှင်းသဘင်ခန်းမအဖြစ် နှစ်ပေါင်းများစွာအသုံးပြုခဲ့သော အားကစားရုံအဟောင်း၊ထို့နောက် 'မန္တလေးတက္ကသိုလ်နှင့်အတူ ရှင်သန်တိုးတက်လာသော ငါးထပ်ဆောင်၊ လေးထပ်ဆောင်၊ အကယ်ဒမီဆောင်၊ ရူပဆောင်၊ အဆောင်သစ်၊ ဘွဲ့နှင်းသဘင်ခန်းမအသစ်၊အားကစားရုံအသစ်တို့ကို မန္တလေးတက္ကသိုလ် ရာပြည့်ကာလတွင် တွေ့နိုင်ကြောင်း ဂုဏ်ပြုမှတ်တမ်းတင်ထားခြင်းဖြစ်သည်။ ထို့အပြင် မဂ္ဂဇင်းမျက်နှာဖုံးတွင်ပါဝင်သော ကနုတ်ပန်းသည် မြန်မာ့ယဉ်ကျေးမှုကို ကိုယ်စားပြုပြီး မန္တလေးတက္ကသိုလ်မှ စာပေ၊ ဂီတ၊ အနုပညာ၊ ယဉ်ကျေးမှုဘက်၌ ထူးချွန်ခဲ့သော သား၊ သမီးတို့ကို ဂုဏ်ပြုထည့်သွင်းထားခြင်းဖြစ်သည်။ ပင်မဆောင်ဘေးမှ ပန်းအိုးနှင့် လှေကားလက်ရန်းမှာလည်း နိမ့်ရာမှ မြင့်ရာသို့ တက်လှမ်းသွားသော လှေကားထစ်၏ တိုးတက်မှုလက္ခဏာကို ရည်ညွှန်းဖော်ပြခြင်းဖြစ်ပါသည်။ ပင်မဆောင်ရှေ့မှ ပန်းရုံများမှာလည်း သင်းပျံ့ကြိုင်လှိုင်သော ရနံ့ကို ဖြန့်သကဲ့သို့ မိခင်မန္တလေးတက္ကသိုလ်၏ သား၊ သမီးများသည်လည်း ကောင်းသတင်းဝေဖြာစေသော ပညာပန်းတို့၏ လက္ခဏာအဖြစ် ထင်ဟပ်ရေးဆွဲထားခြင်းဖြစ်သည်'ဟု အနက်အဓိပ္ပာယ်လည်း ပြည့်ဝ၊ မျက်စိပသာဒလည်း လှပတင့်တယ်သော မျက်နှာဖုံးအပြင်အဆင်ဖြစ်ပါသည်။

ကဗျာကဏ္ဍတွင် ၂၄ပုဒ်၊ ဆောင်းပါး ၅၇ပုဒ်၊ ကာတွန်း ခုနစ်ပုံ၊ ဝတ္ထု ၁၁ ပုဒ်နှင့် အင်္ဂလိပ်ဘာသာ အခန်းကဏ္ဍတို့ ပါဝင်ဖွဲ့စည်းထားသည်။ ဆောင်းပါးကဏ္ဍတွင် မဖြစ်မနေ သိထားဖတ်ရှုရမည့် ဆောင်းပါးတစ်ပုဒ်ကို ညွှန်းဆိုလိုသည်။ ဆရာကြီးဦးဝင်းမောင်(ဝင်းမောင်တမ္ပဝတီ)မြန်မာ့မူဗိသုကာရေးသားထားသော 'မန္တလေးတက္ကသိုလ်ပင်မအဆောက်အအုံအား ဗိသုကာရှုထောင့်မှ ကြည့်ခြင်း' ဆောင်းပါးဖြစ်သည်။ ထိုဆောင်းပါးကို ဖတ်ရှုပြီး မန္တလေးတက္ကသိုလ် ပင်မဆောင်ကြီးကို ပို၍ ပို၍ တည်တံ့အောင် ထိန်းသိမ်းသင့်သည်ကို ခံစားလာမိစေသည်။ တစ်ဖန် ဒေါက်တာဇော်မြင့်နီ၏ 'မန္တလေးတက္ကသိုလ်၏ ပညာသင်္ကေတတစ်ခု' ဆောင်းပါးတွင် မန္တလေးတက္ကသိုလ်ပရိဝုဏ်ရှိ မြေဆီလွှာ အမျိုးအစား၊ မြေဆီလွှာမှတ်တမ်းများကို ဖော်ပြထားသဖြင့် ဗဟုသုတ တိုးပွားပြီး သိထားသင့်သည်ဟု ညွှန်းဆိုလိုသည်။ ကျန်သည့် ကဗျာ၊ ဆောင်းပါး၊ဝတ္ထုကဏ္ဍများကိုမူ ကိုယ်တိုင်လက်ဝယ် ပိုင်ပိုင်ကိုင်၍ ဖတ်ရှုခံစားစေလိုသောကြောင့် မညွှန်းဆိုလိုတော့ပေ။ ပုံနှိပ်နှင့် စာအုပ်ချုပ်အပိုင်းကို ပြောလိုပါသေးသည်။ ကျွန်တော်တို့အယ်ဒီတာအဖွဲ့ စာမူပရုဖ်များ စိတ်တိုင်းကျစစ်ဆေးဆောင်ရွက်နိုင်ရန် လိုအပ်ပါက ကြိုပို့ပေးခြင်း၊ထမင်း၊ဟင်းနှင့် လက်ဖက်ရည်စီစဉ်ပေးခြင်းတို့ကို လင်းသန့်ပုံနှိပ်က အားနာလောက်အောင် စေတနာပါလှစွာ မညည်းမညူလုပ်ဆောင်ပေးသည်။ စိတ်တိုင်းကျသည်အထိလည်း နေ့၊ ညဆောင်ရွက်ပေးသည်။ နောက်ကွယ်မှ ဒီဇိုင်းအပြင်အဆင်၊ ကွန်ပျူတာသရုပ်ဖော်စသည်ဖြင့် ကူညီဆောင်ရွက်ပေးသော ဆရာဦးဝင်းမောင် (တမ္ပဝတီ)၊ ဆရာမျိုးညီညီထွန်း၊ လှဘုန်းကျော်၊ အောင်သန်းညို၊ချိုတူးမောင်၊ မာန်ဦး၊ မမြခက်၊ လွင်လွင်လှိုင်ရွှေ၊ သန့်ဇော်၊ ကျော်မင်းဝင်း၊ စည်သူကျော်၊ Zaw Oneနှင့် စမုံဦး၊ မောင်ရဲရွှေတို့၏ ကူညီအားထုတ်ပေးကြမှုများကလည်း ကျေနပ်စရာ ကောင်းလှသည်။ ဆရာစမုံဦး၏ လိုဂိုကလည်း မပါမဖြစ်အရေးပါသည်။ ထိုထဲတွင် လုံးဝကို ပြောစရာမလိုလောက်အောင် ကူညီဆောင်ရွက်ပေးသူတစ်ဦး ရှိသေးသည်။ တက္ကသိုလ်နှင့်ဆိုင်သော ကိစ္စတိုင်း၊ ပွဲတိုင်းမညည်းမညူ စေတနာပါပါဖြင့် နေရာတိုင်းပါနိုင်လွန်းသော၊ နေရာတိုင်းကူညီလွန်းသော ကျွန်တော်တို့ ကျောင်းသားဘဝကတည်းက နှစ်ပေါင်းများစွာ အတူတကွပူးပေါင်းဆောင်ရွက်ခဲ့သော ညီလို၊ အစ်ကိုလို၊သူငယ်ချင်းလို၊ မိတ်ဆွေလို ချစ်ခင်ခဲ့ကြသော ဓာတ်ပုံပညာရှင် မောင်မောင်လှတင့်ကို ကျေးဇူးတင်ရပေမည်။

မည်သို့ဆိုစေ 'မန္တလေးတက္ကသိုလ်ရာပြည့်မဂ္ဂဇင်း'(၁၉၂၅-၂၀၂၅)သည် သန့်ကြည်ခန့်ထည်စွာဖြင့် ဆရာကြီး၊ ဆရာမကြီးများ၊ မြို့မိ၊ မြို့ဖများ၊ ကျောင်းသား၊ ကျောင်းသူဟောင်းများဖြင့် ဖွဲ့စည်းထားသော မန္တလေးတက္ကသိုလ် ရာပြည့်သဘင်ကျင်းပရေးကော်မတီ၏ လမ်းညွှန်ချက်နှင့်အညီ ထွက်ရှိလာခဲ့ပြီ ဖြစ်သည်။ မဂ္ဂဇင်းကို မန္တလေးတက္ကသိုလ်ကျောင်းသားတိုင်း သိကြသည့် ကေဖေ်တွင် ဝယ်ယူနိုင်ပြီး ရာပြည့်သဘင်အခမ်းအနားတွင် အမှတ်တရရောင်းချပေးမည်ဖြစ်ကြောင်း သတင်းကောင်း ပါးအပ်ပါသည်။ ရောက်ရှိလာသော စာမူများမှာ ကောင်းမွန်သည့်စာမူများချည်းသာဖြစ်သော်လည်း အားလုံးဖော်ပြပေးနိုင်ခြင်းမရှိသည့်အတွက် အယ်ဒီတာအဖွဲ့ကိုယ်စား အနူးအညွတ်တောင်းပန်အပ်ပြီး လိုအပ်ချက်များရှိပါကလည်း အယ်ဒီတာအဖွဲ့၏ လိုအပ်ချက်သာဖြစ်ကြောင်း နားလည်ပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။ အမိတက္ကသိုလ်ကြီးအား ချစ်သောမျက်စိဖြင့် ကြည့်သကဲ့သို့ မန္တလေးတက္ကသိုလ်ရာပြည့် မဂ္ဂဇင်းကိုလည်း ချစ်သောနှလုံးသားဖြင့် ခံစား၍ ချစ်သောမျက်စိဖြင့်သာ ကြည့်ရှုပေးပါရန် ညွှန်းဆိုပေးလိုက်ရပါပေသည်။

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ်(ဘဘ-၂)၊ ဦးပိုင်အမှတ်(၁၈)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဒေါ်ငွန်ဆွီးဟွေ အမည်ပေါက် ဂရန်မြေကွက်၏ အနောက်ဘက်ခြမ်း ပေ(၂၀×၆၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားသူဖြစ်သော ဒေါ်ဝင်းမာ(ဘ)ဦးစိန်မြင့်(၁၄/ဟသတ(နိုင်)၀၀၀၇၇၅)ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အဆုံးအပိုင် လက်ရောက်လွှဲပြောင်း ဝယ်ယူရန် သဘောတူညီ၍ ရောင်းကြေးစရန်ငွေများ ပေးချေပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းမူရင်း အထောက်အထားများနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးနောက် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**

**ဒေါ်တင်နီလာဝင်း**
**တရားလွှတ်တော်ရှေ့နေ**
**ဦးကျော်လှိုင်ဝင်း ဒေါ်စီစီစိန် ဒေါ်လှဲ့လှဲ့နွယ်**
**(တရားလွှတ်တော်ရှေ့နေများ)**
**အကွက်(ယ–၆/ ၂၊၃)၊ ၆၉လမ်း၊ မြဝတီမင်းကြီးလမ်းနှင့် ၁၁၃လမ်းကြား၊ (က)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ ၀၉–၂၀၁၉၇၀၁၊ ၀၉–၉၄၄၉၇၂၃၃၃**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ ရတနာပုံရပ်ကွက်၊ အကွက်အမှတ်(ထထ-၁၇)၊ ဦးပိုင်အမှတ်(၄+၁၅)၊ ဧရိယာ(၀ ဒသမ ၀၅၅၁ + ၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဗိုလ်ကြီး ဆန်းဦး အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားသူဖြစ်သော ဦးကီစန်း(ဘ)ဦးပရေမ်ပရာဆပ်(၁၃/လရန(နိုင်)၁၀၁၂၁၅)ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အဆုံးအပိုင် လက်ရောက်လွှဲပြောင်း ဝယ်ယူရန် သဘောတူညီ၍ ရောင်းကြေးစရန်ငွေများ ပေးချေပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းမူရင်း အထောက်အထားများနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးနောက် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**

**ဒေါ်တင်နီလာဝင်း**
**တရားလွှတ်တော်ရှေ့နေ**
**ဦးကျော်လှိုင်ဝင်း ဒေါ်စီစီစိန် ဒေါ်လှဲ့လှဲ့နွယ်**
**(တရားလွှတ်တော်ရှေ့နေများ)**
**အကွက်(ယ–၆/ ၂၊၃)၊ ၆၉လမ်း၊ မြဝတီမင်းကြီးလမ်းနှင့် ၁၁၃လမ်းကြား၊ (က)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ ၀၉–၂၀၁၉၇၀၁၊ ၀၉–၉၄၄၉၇၂၃၃၃**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကျွန်းလုံးဥသျှောင်ရပ်ကွက်၊ အကွက်အမှတ်(၅၀၀)၊ ဦးပိုင်အမှတ်(၇၅/၁) မြေကွက်ထဲမှ အနောက်ဘက်အစိတ်အပိုင်း (၁၃) ပေ အကျယ်အရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်တင်မိုးအေး(ဘ)ဦးခင်မောင်(၉/ခမစ(နိုင်)၀၀၇၄၁၁)ကိုင်ဆောင်သူထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာရွက်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်သည့်နေ့ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ– ဦးနေစန်းအောင်**
**အထက်တန်းရှေ့နေ**
**ကြေးသွန်း/တောင်၊ တမ္ပဝတီရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉–၄၂၀၇၆၁၉၁၅**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ ငွေတော်ကျီကုန်းရပ်ကွက်၊ အကွက်အမှတ်(အ-၁၈)၊ ဦးပိုင်အမှတ်(၆၃)၏ တောင်ဘက်အစွန်ဆုံးအခြမ်း ပေ(၁၅×၆၀) မြေကွက်အစိတ်အပိုင်းကို လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူ ဦးဖိုးတာ(ဘ)ဦးအိ(၅/ဝလန(နိုင်)၀၆၁၂၈၄)ကိုင်ဆောင်သူထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဦးအောင်မျိုးဦး(ဘ)ဦးဖိုးတာ(၅/ဝလန(နိုင်)၁၀၅၁၂၉)ကိုင်ဆောင်သူက ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသဖြစ်သော စရန်ငွေများ ပေးချေထားပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက (၇)ရက်အတွင်း ခိုင်လုံသော မှတ်ပုံတင်စာချုပ်စာတမ်း၊ တရားရုံးဒီကရီများ၊ အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်တွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ– ဦးဇေထက်ကျော် (LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**ဦးကျော်ဇေယျ (LL.B) ဒေါ်ပိုးအိနိုင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ တရားလွှတ်တော်ရှေ့နေ**
**၁၁၇လမ်း၊ ၆၇လမ်းနှင့် ၆၈လမ်းကြား၊ (ခ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉–၂၀၃၅၁၁၂**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (က)ရပ်ကွက်၊ အကွက်အမှတ်(ယ-၂)၊ ဦးပိုင်နံပါတ်(၁၂၈-က)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၂၇၆)ဧက အကျယ်အဝန်းရှိ ဒေါ်ရွှေလီမော် အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်ဖြူနှင်းဖွေး(ဘ)ဦးဝင်းဇော်(၅/မရန(နိုင်)၂၆၀၅၆၇)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေများက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါ သည်။

အထက်ပါမြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူများ၏ လွှဲအပ်ချက်အရ– ဦးတင်အောင်မိုး (LL.B, LL.M) ဒေါ်အိအိမွန် (LL.B, LL.M)**
**တရားလွှတ်တော်ရှေ့နေ တရားလွှတ်တော်ရှေ့နေ**
**ဒေါ်ယုသစင်အောင်(LL.M) ဦးကြည်ယံ (LL.M) ဦးစည်သူအောင် (LL.B) ဒေါ်သဲမို့မို့ထွန်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ အထက်တန်းရှေ့နေ အထက်တန်းရှေ့နေ အထက်တန်းရှေ့နေ**
**အမှတ်(D–၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉–၂၀၃၂၅၆၄၊ ၀၉–၉၇၇၄၄၈၉၄၄၊ ၀၉–၄၀၂၅၉၅၀၂၁**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (က)ရပ်ကွက်၊ အကွက်အမှတ်(ဝ-၇)၊ ဦးပိုင်နံပါတ်(၁၂)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ တပ်ကြပ် သိန်းဆောင် အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် အသီးသီးဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူများဖြစ်ကြသည့် ဦးစိုင်းသစ်လွင်ကျော်(ဘ)ဦးကျော်ဦး(၉/ခအစ(နိုင်)၀၁၅၂၈၂)နှင့် ဦးစိုင်းသက်ဖွဲ့ဝင်း(ဘ)ဦးဝင်းမြင့်(၅/ကသန(နိုင်)၀၇၉၇၇၉)တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ– ဦးတင်အောင်မိုး (LL.B, LL.M) ဒေါ်အိအိမွန် (LL.B, LL.M)**
**တရားလွှတ်တော်ရှေ့နေ တရားလွှတ်တော်ရှေ့နေ**
**ဒေါ်ယုသစင်အောင်(LL.M) ဦးကြည်ယံ (LL.M) ဦးစည်သူအောင် (LL.B) ဒေါ်သဲမို့မို့ထွန်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ အထက်တန်းရှေ့နေ အထက်တန်းရှေ့နေ အထက်တန်းရှေ့နေ**
**အမှတ်(D–၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉–၂၀၃၂၅၆၄၊ ၀၉–၉၇၇၄၄၈၉၄၄၊ ၀၉–၄၀၂၅၉၅၀၂၁**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်အမှတ်(ခဓ-၃၂)၊ ဦးပိုင်အမှတ်(၂)၊ ဧရိယာ(၀ ဒသမ ၉၁)ဧက အကျယ်အဝန်းရှိ ဦးတင်ဦး အမည်ပေါက် ဂရန်မြေကွက်၏ မြောက်ဘက်ခြမ်း အစိတ်အပိုင်း ဧရိယာ(၀ ဒသမ ၃၀၃၃)ဧက အကျယ်အဝန်းရှိ ဂရန်မြေကွက်နှင့် ၎င်းမြေကွက်ပေါ်ရှိ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိဝယ်ယူပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးကျော်ထွဋ်(ခ)တွမ်ပီဆင်း(ဘ)ဦးတွမ်စိန်လော့(၁၃/လရန(နိုင်)၀၉၈၂၄၈)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အဆုံးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန် သဘောတူညီပြီးဖြစ်၍ စရန်ငွေ ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ ရောင်းချခြင်းနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ (၇)ရက်အတွင်း အထောက်အထား ခိုင်လုံသော စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည့်နောက် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ –**
**ဦးသန်းထွန်းမြတ် (ဥပဒေဘွဲ့) ဒေါ်မိုးမိုး (ဥပဒေဘွဲ့)**
**တရားလွှတ်တော်ရှေ့နေ တရားလွှတ်တော်ရှေ့နေ**
**အမှတ်(၁၀)၊ ၂၉လမ်း၊ ၆၂လမ်းနှင့် ၆၃လမ်းကြား၊ မန္တလေးမြို့။**
**ဖုန်း ၀၉–၂၀၅၀၅၁၅၊ ၀၉–၂၀၀၃၉၅၇**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ကန်ကောက်ရပ်ကွက်၊ အကွက်အမှတ်(၅၁၃/ခ-၂)၊ ဦးပိုင်အမှတ်(၃၅)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဒေါ်လွင်လွင်မာ အမည်ပေါက် ဂရန်မြေနေထိုင်ပိုင်ဆိုင်အသုံးပြုခွင့်နှင့် ၎င်းမြေကွက်ပေါ်ရှိ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိအမည်ပေါက်ပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်လွင်လွင်မာ(၉/ရမသ(နိုင်)၀၂၆၆၇၈)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အဆုံးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန် သဘောတူညီပြီးဖြစ်၍ စရန်ငွေ ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ ရောင်းချခြင်းနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ (၇)ရက်အတွင်း အထောက်အထား ခိုင်လုံသော စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည့်နောက် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ –**
**ဦးသန်းထွန်းမြတ် (ဥပဒေဘွဲ့) ဒေါ်မိုးမိုး (ဥပဒေဘွဲ့)**
**တရားလွှတ်တော်ရှေ့နေ တရားလွှတ်တော်ရှေ့နေ**
**အမှတ်(၁၀)၊ ၂၉လမ်း၊ ၆၂လမ်းနှင့် ၆၃လမ်းကြား၊ မန္တလေးမြို့။**
**ဖုန်း ၀၉–၂၀၅၀၅၁၅၊ ၀၉–၂၀၀၃၉၅၇**

❖ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် NCA ကို ချုပ်ဆိုကာ လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းပြီး ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးရရှိရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ ...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် (၇၈) နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

# ပြည်တွင်းထုတ်ဓာတ်ဆီ (RON 77)အား အများပြည်သူသို့ လွတ်လပ်စွာ ဖြန့်ဖြူးရောင်းချပေးသွားမည်

**နေပြည်တော် စက်တင်ဘာ ၃၀**

စွမ်းအင်ဝန်ကြီးဌာနမှ "ပြည်သူလူထု၏ သယံဇာတအား ပြည်သူလူထုထံသို့" ရောက်ရှိစေရေးနှင့် စက်သုံးဆီဈေးနှုန်း မြင့်မားမှုအား တစ်ဖက်တစ်လမ်းမှ လျှော့နည်းသက်သာစေရန် ရည်ရွယ်၍ ရေနံဓာတုဗေဒစက်ရုံ(သံပရာကန်)မှ ထုတ်လုပ်သည့် ပြည်တွင်းထုတ်ဓာတ်ဆီ(RON 68)အား ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၄ ရက်မှ စတင်ကာ တစ်လီတာ ငွေကျပ် ၂၂၀၀ နှုန်းဖြင့် မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း လက်အောက်ရှိ စက်သုံးဆီအရောင်းဆိုင်များမှ အများပြည်သူသို့ လွတ်လပ်စွာဖြင့် ဖြန့်ဖြူးရောင်းချပေးလျက်ရှိသည်။

စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း လက်အောက်ရှိ အမှတ်(၁) ရေနံဓာတ်ငွေ့ရည်စက်ရုံ(မင်းဘူး)ကို ၂၀၂၃ ခုနှစ်က စက်ချွတ်ယွင်း၍ ရပ်ဆိုင်းခဲ့ရသော်လည်း ယခုအခါ စက်ရုံကျွမ်းကျင်ဝန်ထမ်းများဖြင့် ပြင်ဆင်မှုများဆောင်ရွက်ပြီး စက်ရုံပြန်လည် လည်ပတ်နိုင်ခဲ့သဖြင့် အဆိုပါ စက်ရုံမှ ထုတ်လုပ်သည့် ဓာတ်ဆီ(RON 77)ကိုလည်း တစ်လီတာလျှင် ငွေကျပ် ၂၂၄၅ ကျပ်နှုန်းဖြင့် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်ရှိ စက်သုံးဆီ အရောင်းဆိုင်အမှတ်(၀၃၅၄)တွင် အောက်တိုဘာ ၁ ရက်မှ စတင်ကာ အများပြည်သူသို့ လွတ်လပ်စွာထပ်မံဖြန့်ဖြူးရောင်းချပေးသွားမည်ဖြစ်သည်။

ပြည်သူလူထုအနေဖြင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ စက်သုံးဆီအရောင်းဆိုင် အမှတ်(၀၃၅၄)တွင် ပြည်တွင်းထုတ်ဓာတ်ဆီများဖြစ်သည့် (RON 68) နှင့် (RON 77)တို့ကို ဈေးနှုန်းသက်သာစွာ ဝယ်ယူသုံးစွဲနိုင်ပြီဖြစ်ကြောင်း စွမ်းအင်ဝန်ကြီးဌာနမှ သိရသည်။

**သတင်းစဉ်**



# MFF "D" Certificate Coaching Course သင်တန်းဆင်းပွဲ ကျင်းပ

**ရန်ကုန် စက်တင်ဘာ ၃၀**

MFF "D" Certificate Coaching Course 2025 သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့ နံနက်ပိုင်းက မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အစည်းအဝေးခန်းမတွင် ကျင်းပသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးစည်သူဝင်းနှင့် တာဝန်ရှိသူများ၊ သင်တန်းနည်းပြဆရာများ၊ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ခဲ့သည်။

အခမ်းအနားတွင် တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးစည်သူဝင်းနှင့် သင်တန်းနည်းပြအဖြစ် ဆောင်ရွက်ခဲ့သည့် MFF နည်းစနစ်ဒါရိုက်တာ မိတတို့က သင်တန်းဆင်းအမှတ်တရစကားများပြောကြားခဲ့ကြပြီး သင်တန်းသားများကို သင်တန်းဆင်း လက်မှတ်များ ပေးအပ်ခဲ့သည်။

ထို့နောက် သင်တန်းသားတစ်ဦးက ကျေးဇူးတင်အမှတ်တရစကားပြန်လည်ပြောကြားခဲ့ပြီး စုပေါင်းအမှတ်တရဓာတ်ပုံရိုက်ကာ အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

MFF "D" Certificate Coaching Course 2025 အား စက်တင်ဘာ ၂၇ ရက်မှ ၃၀ ရက်အထိ ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး သင်တန်းသား ၂၂ ဦး၊ သင်တန်းသူ ၂ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

(NGB)




# ဘိုဝင်၏ ချေပဂိုးကြောင့် အဲဗာတန်က ဝက်စ်ဟမ်းကို သရေရလဒ်ဖြင့် ကျေနပ်ခဲ့ရ

ပရီမီယာလိဂ်ပွဲစဉ်(၆)မှ စက်တင်ဘာ ၃၀ ရက် နံနက် ၁ နာရီခွဲက ယှဉ်ပြိုင်ကစားခဲ့သည့် အဲဗာတန်နှင့် ဝက်စ်ဟမ်းအသင်း ပွဲစဉ်တွင် တစ်ဖက်တစ်ဂိုးစီဖြင့် သရေကျခဲ့သည်။ ရှုံးပွဲဆက်နေသည့် အသင်းအချင်းချင်း တွေ့ဆုံမှုဖြစ်သည့်အတွက် အပြန်အလှန် ထိုးဖောက်တိုက်စစ်ဆင်မှုများဖြင့် အကြိတ်အနယ်ရှိပြီး ပြိုင်ဆိုင်မှုပြင်းထန်ခဲ့သည်။

အဲဗာတန်အသင်းသည် ပွဲကစားချိန် ၁၈ မိနစ်တွင် ရရှိခဲ့သော ခံစစ်ကစားသမား မိုက်ကယ်ကိန်း၏ သွင်းဂိုးဖြင့် ဝက်စ်ဟမ်းအသင်းကို မိနစ် ၆၀ ကျော်အထိ ဦးဆောင်ကစားနိုင်ခဲ့သော်လည်း နိုင်ပွဲရသည်အထိ စွမ်းဆောင်နိုင်ခဲ့ခြင်းမရှိပေ။ ဝက်စ်ဟမ်းအသင်းဂိုးသမား အရီယိုလာ လက်စွမ်းပြသနိုင်ခဲ့ပြီး အဲဗာတန်အသင်း၏ ဂိုးရရှိနိုင်သည့် အခွင့်အရေးများကို ဟန့်တားကာကွယ်နိုင်ခဲ့သည်။

ဝက်စ်ဟမ်းအသင်းက ချေပဂိုးရရှိရေး ကြိုးပမ်းလာခဲ့ရာ ပွဲကစားချိန် ၆၅ မိနစ်တွင် ရရှိခဲ့သည်။ အဆိုပါ ချေပဂိုးကို ဘိုဝင်က သွင်းယူပေးခဲ့သည်။ တစ်ဖက်တစ်ဂိုးစီ သရေကျပြီးနောက် လူစားပြောင်းလဲမှုများပြုလုပ်ကာ သွင်းဂိုးရရှိရေး ခြေကုန်ထုတ်လာသော်လည်း ပွဲချိန်ပြည့်သည်အထိ တစ်ဖက်နှင့်တစ်ဖက် ထပ်မံဂိုးသွင်းယူနိုင်ခြင်း မရှိခဲ့ပေ။

အဲဗာတန်အသင်းသည် ပရီမီယာလိဂ် ခြောက်ပွဲကစားပြီးချိန်တွင် နှစ်ပွဲနိုင်၊ နှစ်ပွဲသရေနှင့် နှစ်ပွဲရှုံးရလဒ် ရရှိထားသည်။ ပြိုင်ဘက် ဝက်စ်ဟမ်းအသင်းက တစ်ပွဲနိုင်၊ တစ်ပွဲသရေနှင့် လေးပွဲရှုံးရလဒ်ဖြင့် တန်းဆင်းဇုန်အတွင်း ရပ်တည်နေသည်။ လာမည့်ပွဲစဉ်တွင် အဲဗာတန်အသင်းက ခြေစွမ်းထက်မြက်နေသည့် ခရစ္စတယ်ပဲလေ့စ်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး ပြိုင်ဘက် ဝက်စ်ဟမ်းအသင်းက နာမည်ကြီး အာဆင်နယ်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

**အောင်ဇော်**

